မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၇၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္လာနေ့။

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဥ္စမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ » ၇

နိုင်ငံအတွင်း အတူတကွ နေထိုင်ကြသူများ ဘာသာရေးနှင့် ယုံကြည်မှုကွဲပြားခြားနားရုံမျှဖြင့် မတူညီကြသူများဟု မှတ်ယူခြင်းမပြုဘဲ ညီရင်းအစ်ကိုမောင်ရင်းနှမများပမာ သဘောထားဆက်ဆံ

နေပြည်တော် ဇူလိုင် ၆

မန္တလေးမြို့၌ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဇူလိုင် ၄ ရက်ညပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရာဇဝတ်မှုခင်းကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကို ရာဇဝတ်ကြောင်းအရသာ ဖြေရှင်းဆောင်ရွက်ရန်နှင့် ပဋိပက္ခဖြစ်လျှင်ဖြစ်ချင်း လုံလောက်သော လုံခြုံရေးအင်အားဖြင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ပေးရန်၊ ပြစ်မှုကျူးလွန်သူများအား ကျောသားရင်သားမခွဲခြားဘဲ ထိထိရောက်ရောက်အရေးယူရန်၊ သတင်းမီဒီယာများက ပဋိပက္ခသတင်းများ ရေးသားဖော်ပြရာတွင် ကောလာဟလသတင်းများ ထုတ်ပြန်ခြင်းမပြုကြရန်၊ အမုန်းစကားများကို ရှောင်ကြဉ်ကြရန်၊ ဖြစ်ရပ်မှန်မှလွဲ၍ ကိုယ်ပိုင်ယူဆထင်မြင်ချက်များ မရေးသားကြရန်နှင့် ငြိမ်းချမ်းရေးသတင်းစာပညာကို အကျိုးရှိရှိ အသုံးချပေးကြပါရန်၊ နိုင်ငံအတွင်း အတူတကွနေထိုင်ကြသူများအနေဖြင့် ဘာသာရေးနှင့်ယုံကြည်မှု ကွဲပြားခြားနားကြရုံမျှဖြင့် မတူညီကြသူများဟု မှတ်ယူခြင်းမပြုကြဘဲ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို

စာမျက်နှာ ၅ ကော်လံ ၄ ❐

ကမ္ဘာလှည့် ခရီးသွားများအတွက် အီးဗီဇာထုတ်ပေးမည်

သတင်း-ဝေယံဦး

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်မှုတိုးမြင့်လာစေရန်နှင့် ခရီးသွားများအဆင်ပြေစေရန်အတွက် အီးဗီဇာ (E Visa) ထုတ်ပေးမှုကို လာမည့်ဩဂုတ်လတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် အီးဗီဇာစနစ်အကောင်အထည်ဖော် ဆောင်ရွက်ပါက ခရီးသွားဧည့်သည်များ လာရောက်မှုပိုမိုများပြားလာမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အီးဗီဇာကြောင့် မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသွားများအတွက် ဗီဇာရရှိရေးသည် လျင်မြန်သွားမည်ဖြစ်ပြီး အချိန်ကြန့်ကြာမှုများလည်း နည်းပါးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်သုံးသန်းခန့် လာရောက်မည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များအတွက် ဟိုတယ်များ တိုးမြှင့်တည်ဆောက်မှု ခွင့်ပြုလျက်ရှိရာ

စာမျက်နှာ ၅ ကော်လံ ၅ ✻

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ထွက်ခွာနေရာတွင် ခရီးသွားဧည့်သည်များ ပတ်စ်ပို့အထောက်အထားများပြသရန် ပြုလုပ်နေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုးဝင်း-SP)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ကောင်တာဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၆

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ရရှိစေရန် လိုအပ်သည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်တို့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာ Departure နှင့် ပြည်ပဆိုက်ရောက် Arrival တို့၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာ (Myanmar Migrant Worker's Reporting Counter) ကောင်တာတစ်ခုစီကို ဇူလိုင် ၂၀ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်း အလုပ်သမားများ၏ အဝင်/အထွက် စာရင်းအရေအတွက်နှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရေးတို့အတွက် ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအား လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီများ ပေးရန် ကောင်တာတစ်ခုစီ ဖွင့်လှစ်လျက် လိုအပ်မည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✻

မန္တလေးမြို့၌ဖြစ်ပွားသည့်ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ ၁၆ ဦးအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ကျန် ခုနစ်မှုမှ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဆဲဖြစ်

စာမျက်နှာ » ၅

ယနေ့ » မာတိကာ

ကုန်သွယ်မှုမြှင့်တင်ရန် ဂျာမနီဝန်ကြီးချုပ် တရုတ်သို့ထွက်ခွာ — စာ » ၄

ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီများ(၂) — ဆောင်းပါး — စာ » ၆

ချင်းပြည်နယ်ဖွံ့ဖြိုးရေး ဂျပန်က အမေရိကန်ဒေါ်လာ ငါးသိန်းကျော်ကူညီ — စာ » ၁၀

ချက်တင်းနစ်မယ် ဝင်ဘယ်ဒန်ဖလားဆွတ်ခူး — စာ » ၁၄

တိုက်အိုတိုက်ဟောင်း တစ်လုံး မိုးရာသီတွင် ပြိုကျရန် အန္တရာယ်ရှိ — စာ » ၁၇

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်ဘာလေထီပေါက်နိုင်စွမ်းအား

ထီသည် လူတိုင်းအတွက် မျှော်လင့်ချက်ပင်ဖြစ်သည်။ ထီထိုးလျှင် ထီပေါက်နိုင်သည်။ ထီပေါက်ပါက လူတစ်ယောက်၏ ဘဝကို တစ်ဆစ်ချိုးပြောင်းလဲပစ်နိုင်သည်။ ဤလောက၌ ထီတစ်စောင်နှစ်စောင်ထိုးပြီး ထီဆုကြီးပေါက်၍ ချမ်းသာသွားသူ အများအပြားပင်ရှိသည်။ "လုံထမ်းလာသည်ကို မြင်နိုင်သော်လည်း ကံထမ်းလာသည်ကို မမြင်ရ" ဟူသော စကားအတိုင်း မိမိတို့၏ အတိတ်ဘဝကံအကြောင်းတရားကို ကံစမ်းလို၍ ထီထိုးလိုက်ရာ ဘဝအခြေလှ အနေကျသွားသူများလည်း မနည်းလှပေ။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ထီဆုငွေများကို အောင်ဘာလေထီ လက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအမျိုးအစားအလိုက် ခွဲခြား၍ လစဉ်ထီဖွင့်ပွဲများကျင်းပ ဖွင့်လှစ်ပေးလျက်ရှိသည်။ လက်ရှိ ထီဆုငွေများအတွက် ဆုမဲခွဲဝေဖွင့်လှစ်သည့် ထီဆုမဲအမျိုးအစားများကို ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၀၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် စတင်ပြုပြင်ပြောင်းလဲ ဖွင့်လှစ်သွားမည်ဖြစ်သည်။

လက်ရှိ မင်္ဂလာစုံတွဲယူနစ်ဆုများနှင့် ကျပ်သိန်း ၁၅၀၀ ကို အခြေပြုဖွင့်လှစ်ပေးသည့် မိတ်သဟာပူးတွဲဆုများကို ဖျက်သိမ်းပြီး ပဒေသာယူနစ်ဆုမဲစနစ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးမည်ဖြစ်သည်။ ကျပ်တစ်သိန်း ပဒေသာယူနစ် ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံး ဖွင့်လှစ်ပေးမည် ဖြစ်သဖြင့် ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်တစ်သိန်းဆု ရရှိမည်ဖြစ်ပြီး ကျပ်ငါးသောင်း ပဒေသာယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံးဖွင့်လှစ်ပေးမည်ဖြစ်၍ ယင်းရှေ့ ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်ငါးသောင်း ရရှိမည်ဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသည် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၀၇)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အထူးဆုကြီးစနစ်ဖြင့် ကျပ်သိန်း ၁၅၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆုသုံးဆု၊ ကျပ်သိန်း ၂၀၀ ဆု ငါးဆု၊ ဆုတစ်ဆုချင်း ဆုမဲများအဖြစ် ကျပ်သိန်း ၁၀၀ ဆု ၁၃ ဆု၊ ကျပ်သိန်း ၅၀ဆု ငါးဆု၊ ကျပ် ၂၅ သိန်းဆုငါးဆု၊ ကျပ် ၁၀ သိန်းဆု ၂၀၀ ဆု၊ ကျပ်ငါးသိန်းဆု ၂၀ ဆု၊ ကျပ်သုံးသိန်းဆု ၁၂၁ ဆု၊ ကျပ်နှစ်သိန်းဆု ၄၅၈ ဆု၊ ကျပ်တစ်သိန်းပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ဖြင့် လေးယူနစ်အတွက် ၁၂၀၀၀ ဆု၊ ကျပ်ငါးသောင်းပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် ငါးယူနစ်အတွက် ၁၅၀၀၀ ဆု၊ ဆုမဲ စုစုပေါင်း ၂၇၈၃၃ ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနက ကြေညာထားသည်။

ဤသို့ ထီဖွင့်လှစ်သည့်စနစ် ပြောင်းလဲလိုက်ခြင်းဖြင့် ကျပ်တစ်သိန်းဆုပေါက်သူအရေအတွက် များပြားလာမည်ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ကျပ်တစ်သိန်းဆုကံထူးရှင်များ ဖြစ်နိုင်ခြေပိုများလာမည်ဖြစ်ပါသည်။ ထီထိုးသူများထီပေါက်ရန် မျှော်လင့်ချက် အလားအလာအများဆုံး ရှိလာမည်ဖြစ်ပါသည်။ လက်ရှိ ထီစနစ်အရ ကျပ်တစ်သိန်းဆုနှင့် ကျပ်ငါးသောင်းဆုသည် အများဆုံးဖွင့်လှစ်သည့်စနစ်ဖြစ်၍ ထီပေါက်သူအရေအတွက် တိုးပွားလာမည် ဖြစ်ပါသည်။ ထီဆုကြီးပေါက်ခြင်း၊ ဆုသေးပေါက်ခြင်းအကြောင်းမှာ မိမိ၏ကံအကြောင်းတရားနှင့်သာ သက်ဆိုင်ပါသည်။ ကံကောင်းလျှင် ထီဆုကြီးပေါက်မည် ဖြစ်ပါသည်။ အနည်းဆုံး ကျပ်တစ်သိန်း၊ ကျပ်ငါးသောင်းဆုများ ပေါက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထီထိုးလျှင် ထီပေါက်ရန် အလားအလာ ပို၍များပြားလာပြီ ဖြစ်ကြောင်း အသိပေးလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု၊ စက်ရေတွင်းဖွင့်

နေပြည်တော် ဇူလိုင် ၆

ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၄ ရက်က ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရန် အခြေခံအုတ်မြစ်များ ခိုင်မာအောင် ချမှတ်ရမည်ဖြစ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝလိုအပ်ချက်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ လူမှုစီးပွားတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် ကဏ္ဍကြီးတစ်ခုဖြစ်ပြီး ပညာရေးကဏ္ဍသည် အခြေခံအကျဆုံးသော အုတ်မြစ်တစ်ခုဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များကို ပြုစုလေ့ကျင့်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်ကောင်းကျိုးဆိုးကျိုးသည် နိုင်ငံ့အနာဂတ်တာဝန်များကို ပခုံးလွှဲပြောင်းတာဝန်ယူကြမည့် မောင်မယ်တို့၏ အရည်အချင်းပေါ်တွင် မူတည်နေပါကြောင်း၊ ငယ်ရွယ်စဉ် ကျောင်းသားဘဝ ကတည်းက တာဝန်သိမှု၊ တာဝန် ရှိမှု၊ တာဝန်ယူမှုအများကို မထိခိုက်စေသည့် လွတ်လပ်မှုစသည့် ဒီမိုကရေစီ၏ တန်ဖိုးများကို ရယူတတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး ကဏ္ဍအဆင့်မြင့်မားစေရန် ဘဏ္ဍာငွေများ ပိုမိုသုံးစွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရေး အပိုင်းတွင်သာမက စိတ်ဓာတ် စည်းကမ်းဆိုင်ရာများတွင်ပါ ထူးချွန်ထက်မြက်သူများအဖြစ် ဆက်လက်ကြိုးပမ်းအားထုတ် သွားကြရမည်ဖြစ်ပြီး ဒေသအကျိုးမှသည် အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ဆည်းပူးသင်ယူသွားကြရန် လိုအပ်ပါကြောင်း၊ အမျိုးသားပညာရည်မြင့်မားတိုးတက်စေရန် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီး၊ ဒုတိယ ဝန်ကြီး ဦးတင်ဦးလွင်၊ ဦးတင်ငွေနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၂၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၄၂ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၁၁၂ ဦး၊ ဂုဏ်ထူး ရရှိသူ စုစုပေါင်း ၁၉၁ ဦး ဘက်စုံ ထူးချွန်လူငယ်များ၊ ကျောင်းသား ကျောင်းသူများအား ထူးချွန်အောင် ပညာသင်ပေးခဲ့သည့် ဆရာ ဆရာမများနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးသီးသန့် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ဒဝါးကျေးရွာနှင့် ကန်နီကျေးရွာစက်ရေတွင်းဖွင့်ပွဲ **(အပေါ်ပုံ)** သို့ တက်ရောက်အားပေးသည်။

ဒဝါးကျေးရွာ စက်ရေတွင်းသည် တွင်းအနက်ပေ ၆၅၀၊ အချင်း လေးလက်မ GI ဖြစ်ကာ အိမ်ခြေ ၂၉၅ အိမ်ကို အကျိုးပြုလျက်ရှိပြီး ကန်နီကျေးရွာ စက်ရေတွင်းသည် တွင်းအနက်ပေ ၉၀၀၊ အချင်း လေးလက်မ GI ဖြစ်ကာ အိမ်ခြေ ၇၇ အိမ်ကို အကျိုးပြုလျက်ရှိပြီး သန့်ရှင်းသော သောက်သုံးရေရရှိသည့် ကျေးလက်ဒေသခံများ ကြည်နူးဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေး

လှိုင်ကော် ဇူလိုင် ၆

ပြည်သူအခြေပြု တီဘီရောဂါ တိုက်ဖျက်ရေး မြို့နယ်အဆင့် နှစ်ဝက်ဆန်းစစ်ဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က လှိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ဆုံးဖြတ်ခဲ့သောလုပ်ငန်းစဉ်များကို ဇူလိုင် ၄ ရက်က အဆိုပါခန်းမ၌ ပြန်လည်ဆန်းစစ်ဆွေးနွေးခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန့်ဇင်ထွန်း၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန ဒေါက်တာကျော်သူရိန်နှင့် ရပ်ကွက်ကျေးရွာအဆင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်ပေးသူ ၄၀ တက်ရောက်ခဲ့ကြပြီး ခြောက်လအတွင်း လှိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပြီး ကျေးရွာအတွင်းရှိ တီဘီရောဂါဝေဒနာရှင်များကို ထိရောက်စွာကုသနိုင်ရန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲနောင်(လှိုင်ကော်)



ရောင်းမည်/ငှားမည်

ကံကောင်း
PH-09-49300967
09-420185599

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း တန်ဖိုးသင့်အိမ်ရာအဖြစ် တည်ဆောက်လျက်ရှိသော ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာချုပ်က ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်း၏ ပထမဦးစားပေးအဆောက်အအုံအလုံး ၂၀၊ ဒုတိယဦးစားပေးအဆောက်အအုံ ၁၃ လုံးနှင့် တတိယအဆင့် ဦးစားပေး ၁၆ လုံး၏ လုပ်ငန်းများပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးစိုးတင့်က လုပ်ငန်းများကို စီမံချက်အတိုင်း အချိန်မီပြီးစီးရေးလုပ်ငန်းဆောင်ရွက်မှုများ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနေထိုင်ရေးလိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး Affordable Housing တန်ဖိုးသင့်နှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးရေး၊ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ပြည်သူလူထု၏လိုအပ်ချက်ကို ထိထိရောက်ရောက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး၊ ခေတ်မီနည်းပညာအသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသော အိမ်ရာစီမံကိန်းဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးပေးနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပထမဦးစားပေးအဆောက်အအုံ အလုံး ၂၀ အနက် ရွှေတောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော အဆောက်အအုံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့ပိုင်းမြို့နယ် ကနောင်ခန်းမ၌ကျင်းပသည့် ဒဂုံမြို့သစ်လေးမြို့နယ် ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ၏(၁၂/၂၀၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ ဒဂုံမြို့သစ်လေးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသော မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများမှ အမှိုက်ပစ်မှုစသည့် လုပ်ငန်းများအား စည်းကမ်းရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ကိုယ်စားလှယ်များကလည်း လိုအပ်ချက်များတင်ပြကြရန်နှင့် ယခုဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ်လေးမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့် နီးကပ်စွာတည်ရှိ၍ ချောင်း၏အရင်းမှ စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်နှင့်ဒဂုံမြို့သစ်လေးမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်လေးမြို့နယ် ရေကြီးရေလျှံမဖြစ်စေရန်၊ ထိန်းသိမ်းရေးကော်မတီဝင် မြို့တော်စည်ပင်အတွင်းရေးမှူး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ဒဂုံမြို့သစ်လေးမြို့နယ်၏ ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးလာပြီဖြစ်၍ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ မိုးရာသီ မိုးလယ်ကာလရောက်ရှိလာပြီဖြစ်၍ ကျန်ရှိသော မိုးနှောင်းကာလကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းနိုင်ပါက ယခုမိုးရာသီတွင် ဖြစ်ပေါ်လာမည့် ရေကြီးရေလျှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျန်ရှိသောကာလတွင် လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် လိုအပ်ချက်များကို တာဝန်ရှိသူများက စေတနာထား၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဒဂုံမြို့သစ် လေးမြို့နယ် ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ၏ (၁၂/၂၀၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးလေဝသ အခြေအနေ

၆-၇-၂၀၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ထီဆုမဲအမျိုးအစားများ စတင်ပြုပြင်ပြောင်းလဲဖွင့်လှစ်သွားမည်

နေပြည်တော် ဇူလိုင် ၆

(၃၀၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစတင်၍ ဆုမဲခွဲဝေဖွင့်လှစ်သည့် ထီဆုမဲအမျိုးအစားများကို ပြုပြင်ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဘာလေသိန်းဆုဌာနခွဲသည် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့်(၃၀၇)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အထူးဆုကြီးစနစ်ဖြင့် ကျပ်သိန်း ၁၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၂၀၀ ဆု ငါးဆု၊ ဆုတစ်ဆုချင်း ဆုမဲများအဖြစ် ကျပ်သိန်း ၁၀၀ ဆု ၁၃ ဆု၊ ကျပ်သိန်း ၅၀ဆု ငါးဆု၊ ၂၅ သိန်းဆု ငါးဆု၊ ၁၀ သိန်းဆု ၂၀၀၊ ငါးသိန်းဆု ၂၀၊ သုံးသိန်းဆု ၁၂၂ဆု၊ နှစ်သိန်းဆု ၄၅၈ ဆု၊ တစ်သိန်း ပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် ၄ ယူနစ်အတွက် ၁၂၀၀ ဆု၊ ငါးသောင်းပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀ ဖြင့် ၅ ယူနစ်အတွက် ၁၅၀၀၀ ဆု၊ ဆုမဲစုစုပေါင်း ၂၇၈၃၃ ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ပြောင်းလဲခြင်းမှာ လက်ရှိမင်္ဂလာစုံတွဲ ယူနစ်ဆုများနှင့် ကျပ်သိန်း ၁၅၀၀ ကို အခြေပြုဖွင့်လှစ်ပေးခဲ့သောမိတ်သဟာပူးတွဲဆုများကို ဖျက်သိမ်းပြီး ပဒေသာယူနစ်ဆုမဲစနစ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျပ်တစ်သိန်းပဒေသာ ယူနစ် ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံး ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်တစ်သိန်းဆုရရှိမည်ဖြစ်ပြီး ကျပ်ငါးသောင်းပဒေသာယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံးဖွင့်လှစ်ပေးမည်ဖြစ်၍ ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်ငါးသောင်းရရှိမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ထီဆုငွေများကို အောင်ဘာလေထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအမျိုးအစားအလိုက်ခွဲခြားပြီး လစဉ်ထီဖွင့်ပွဲများကျင်းပဖွင့်လှစ်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

※ ရှေ့ဖုံးမှ

လေဆိပ်ကောင်တာများတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သိရှိလိုသည့်အချက်အလက်များနှင့် မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပေးမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးဖုန်းနံပါတ်၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအကျဉ်းများ၊ အလုပ်သမားသံအရာရှိ ခန့်အပ်ထားသောနိုင်ငံများတွင် အလုပ်သမားများဆက်သွယ်နိုင်မည့် အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်တို့ကို အလုပ်သမားများ သိရှိနိုင်စေရန် ဝေငှသွားမည်ဖြစ်သည်။

အရေးယူသွား

ယင်းသို့ဆောင်ရွက်ခြင်းမှာ အလုပ်သမားများအတွက် လိုအပ်သည်များကို အပြည့်အဝကူညီနိုင်ရန်အတွက်ဖြစ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ပထွက်ခွာ/ရောက်ရှိမှုကို စနစ်တကျ ကြီးကြပ်နိုင်ရန်အတွက် အလုပ်သမားများသည် ပြည်ပသို့ထွက်ခွာလျှင် Departure ပုံစံနှင့် ပြည်ပဆိုက်ရောက် Arrival ပုံစံတို့ကို သတ်မှတ်ချက်နှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်ဖြစ်သည်။ အလုပ်သမားများအနေဖြင့် ပုံစံများဖြည့်သွင်း၍ မပျက်မကွက်ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ပျက်ကွက်ပါက ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား သိမ်းယူခြင်းသို့မဟုတ် ဒဏ်ငွေပေးဆောင်စေခြင်းဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဇူလိုင် ၅ ရက်က တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပသော အမှတ်(၂)တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲအောက်ရှိ တပ်ဖွဲ့ဝင်များအား နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲတွင် ရှင်းလင်းဆွေးနွေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

CLAIMS DAY NOTICE
M.V SPRING WIND VOY:NO(23)

Consignees of cargo carried by M.V SPRING WIND VOY:NO.(23) are here by notified that the vessel will arrive on about 9-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိ လိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်စိုး၊ ဒေါ်မကြာညိုတို့၏ တစ်ဦးတည်းသောသမီး မသဇင်ကျော်စိုးသည် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက် မိပါသည်။

ကြီးကြီး-ဒေါ်ခိုင်ညိုသန်း
ကိုကို-ကိုရဲခေါင်အောင်မြင့်

Turkey ကျုံ့မှုန့်များကို ရောင်းပေးနေပါသည်။
Ph: 01-371164,01-371165,01-371166

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ကိုယ်တိုင်စီစဉ်ညွှန်ကြားမှုဖြင့် ကမ်းတက်စစ်ဆင်ရေးကြီးပြုလုပ်

ပြုံယမ်း ဇူလိုင် ၆

ကိုရီးယားကျွန်းဆွယ်တင်းမာမှုများမြင့်တက်နေချိန် မြောက်ကိုရီးယားနိုင်ငံက ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ အပါအဝင် ကြီးမားသော ကမ်းတက်စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တိုက်ပွဲဝင် စစ်သည်များ၊ အမြောက်တပ်များ၊ ရေငုပ်သင်္ဘောများ၊ ဗုံးကြဲလေယာဉ်၊ တိုက်လေယာဉ်တင်ဆောင်ထားသော သင်္ဘောများ၊ ပို့ဆောင်ရေးလေယာဉ်များပါဝင်ကြောင်း မြောက်ကိုရီးယားစင်ထရယ် နယူးစ်အေဂျင်စီ(ကေစီအင်န်အေ)က စနေနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက ညွှန်ကြားပြီး စစ်ရေးလေ့ကျင့်တပ်ဖွဲ့ဝင်များအား စောင့်ကြည့်အားပေးခဲ့ကြောင်း သိရသည်။ အဆိုပါ စစ်ရေးလေ့ကျင့်နေစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင်က တောင်ကိုရီးယားအနေဖြင့် အငြင်းပွားနယ်စပ်ရေပိုင်နက်အတွင်း ဝင်ရောက်လာလျှင် ခါးသီးသော နောင်တရလိမ့်မည်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အနောက်တောင်ဘက်ဖျားရေပိုင်နက်သည် ရန်သူများကို မကြာမီခြိမ်းခြောက်မှုပြုလုပ်လိမ့်မည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၂ ရက်က တရုတ်သမ္မတရှီကျင့်ဖျင် ဆိုးလ်မြို့သို့ မသွားရောက်မီ တာတို ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ပြုံယမ်း၏ ဒုံးကျည်စမ်းသပ်မှုသည် ရှီနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးတို့ ဇူလိုင် ၃ ရက်က တွေ့ဆုံဆွေးနွေးသည့်ကိစ္စများအပေါ် တပ်လှန့်သတိပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

မြောက်ကိုရီးယားအနေဖြင့် အမေရိကန်စစ်တပ်၏ ချူကလီးယားစွမ်းအင်သုံးစစ်သင်္ဘောများနှင့် လေယာဉ်များမှ ကာကွယ်ရန် နျူကလီးယားလက်နက်ရယူရန်ကြိုးစားနေခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

(ပရက်စ်တီဗွီ)

ကုန်သွယ်မှုမြှင့်တင်ရန် ဂျာမနီဝန်ကြီးချုပ် တရုတ်သို့ထွက်ခွာ

မြူးနစ် ဇူလိုင် ၆

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်သည် အဆင့်မြင့်ကုန်သွယ်ရေးကိစ္စဆွေးနွေးရန်အတွက် တရုတ်နိုင်ငံသို့ သုံးရက်ကြာခရီး ထွက်ခွာသွားသည်။

နိုင်ငံများအဖို့ ကုန်သွယ်ဖက်သည် အရေးကြီးကြောင်း၊ ယင်းအတွက် မစ္စစ်မာကဲလ်သည် ဂျာမန်စီးပွားရေး လုပ်ငန်းရှင်များကို ဦးဆောင်လျက် တရုတ်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း ခရီးမထွက်ခွာမီ ၎င်းက သတင်းထောက်များအား ပြောကြားသည်။

သူသည် တနင်္ဂနွေနေ့က တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၏ မြောက်ဘက်ချန်ဒူးသို့ရောက်ရှိလာရာ ဂျာမန်ကုမ္ပဏီ ၁၅၀ ကျော်မှ တာဝန်ရှိသူများလိုက်ပါလာသည်ဟု ဆိုသည်။

မစ္စစ်မာကဲလ်သည် ၂၀၀၅ ခုနှစ်က ဝန်ကြီးချုပ်တာဝန်ယူပြီးနောက် တရုတ်နိုင်ငံသို့ ခုနစ်ကြိမ်မြောက် သွားရောက်ခြင်းဖြစ်သည်။

သူသည် တရုတ်ဝန်ကြီးချုပ် လီကာချန်းနှင့် သမ္မတရှီကျင့်ဖျင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

တရုတ်ဈေးကွက်သည် ဂျာမနီအတွက် အရေးကြီးလာကြောင်း ဘီဘီစီသတင်းထောက် စတီဗင်အီဗန်းက ပြောသည်။ ထိုစဉ်အတွင်း တရုတ်နိုင်ငံသည် မီးဖိုချောင်ပစ္စည်းနှင့် လူလတ်တန်းစားများအတွက် ကားတင်ပို့ရန် စဉ်းစားလျက်ရှိသည်။

တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်သည်။ အမေရိကန်ပြီးနောက် ဂျာမနီက ပို့ကုန်များ အများဆုံးတင်ပို့လျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံသို့ ပို့ကုန်ဒေါ်လာ ၉ ဘီလီယံ တင်ပို့ရောင်းချခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

ပိုလန်တောင်ပိုင်း လေယာဉ်ပျက်ကျ လေထီးကလပ်အဖွဲ့ဝင် ၁၁ ဦးသေဆုံး

ဝါဆော ဇူလိုင် ၆

ပိုလန်နိုင်ငံတောင်ပိုင်း၌ လေထီးကလပ်အဖွဲ့ဝင်များကို တင်ဆောင်လာသော လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။ လိုက်ပါသူ ၁၂ ဦးအနက် အသက်ရှင်ကျန်ရစ်သူတစ်ဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သည်ဟု ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆိုသည်။ အပေါ့စားလေယာဉ်သည် Czestochowa အနီး Rudniki ရှိ လေယာဉ်ကွင်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ပျက်ကျရသည့် အကြောင်းရင်းကို တိတိကျကျ မသိရသေးပေ။

လေယာဉ်သည် တောင်ဘက်မှပျံသန်းလာစဉ် အင်ဂျင်စက်သံသည် ထူးထူးခြားခြားအသံများ ထွက်ပေါ်ခဲ့ကြောင်း ၎င်းလေယာဉ်ပျက်ကျခဲ့သည့်နေရာအနီး နေထိုင်သူတစ်ဦးက ပြောခဲ့သည်။

အဆိုးရွားဆုံးအနေဖြင့် ၎င်းလေယာဉ်အတွင်းမှ အပြင်ထွက်ရန်ကြိုးစားနေသူတစ်ဦးရှိခဲ့သော်လည်း အတွင်းဘက်သို့သာ လျှောကျသွားခဲ့ကြောင်း၊ ၎င်းကိုကူညီရန်ကြိုးစားရာတွင် မြေပြင်ပေါ်ရောက်သည့်တိုင် လေယာဉ်မီးလောင်နေဆဲဖြစ်ပြီး မိမိတို့ဘာမှမလုပ်ပေးနိုင်ခဲ့ကြောင်း အငြိမ်းစားရဲအရာရှိတစ်ဦးက ပြောသည်။ ရဲအရာရှိများနှင့် အစိုးရရှေ့နေများက လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(ဘီဘီစီ)

ခွဲထွက်ရေးသမားများ၏ အဓိကခံတပ်မြို့များ ယူကရိန်းတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်

ကီယက်ဗ် ဇူလိုင် ၆

ယူကရိန်းသမ္မတက ဆလိုဗီယန်ရှိခွဲထွက်ရေးသမားများ၏ ခံတပ်များကို ပြန်လည်သိမ်းယူနိုင်ခဲ့သည့်အပေါ် ချီးကျူးပြောကြားလိုက်သည်။

သုံးလကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခစတင်ရာ အဆိုပါမြို့၏ခံတပ်များကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းအပေါ် ချီးကျူးပြောဆိုလိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ပြန်လည်သိမ်းပိုက်နိုင်ခြင်းမှာ အလုံးစုံအောင်မြင်မှု မဟုတ်သေးကြောင်း၊ သို့သော် အရေးကြီးသော စစ်ဆင်ရေးအပေါ် အောင်နိုင်ခဲ့ကြောင်း ပီထရိုပိုရိုချင်ကိုက ပြောကြားလိုက်သည်။

အစိုးရတပ်ဖွဲ့ဝင်များသည် အပစ်အခတ်ရပ်စဲပြီးနောက် ဒိုနက်စကီနှင့်လူဟန့်ဒေသများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ဒေသအတော်များများပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်ဟု ဆိုသည်။ ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် ဒေသဆိုင်ရာမြို့တော်နှစ်ခု၌ ရှိနေဆဲဖြစ်သည်။ အခြားသောအဓိကနေရာများတွင်လည်း ရှိနေဆဲဖြစ်သည်။

အစိုးရတပ်ဖွဲ့ဝင်များသည် အောင်ပွဲများဆက်တိုက်ရရှိလျက်ရှိရာ ဆလိုဗီယန်မြို့တော်ခန်းမ၌ ယူကရိန်းအလံကို ပြန်လည်စိုက်ထူနိုင်ပြီဟု ဆိုသည်။

သို့သော် အစိုးရတပ်များနှင့်ခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သမ္မတပိုရိုချင်ကိုက ပြောကြားသည်။

(ဘီဘီစီ)

ကင်ညာနိုင်ငံ၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွား၊ တိုက်ခိုက်မှုနှစ်ရပ်အတွင်း အနည်းဆုံး ၁၃ ဦးသေဆုံး

နိုင်ရိုဘီ ဇူလိုင် ၆

ယခုနှစ်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွများ မကြာခဏ တိုက်ခိုက်မှုဖြစ်ပွားရာ ကင်ညာနိုင်ငံ ကမ်းရိုးတန်းဒေသ လာမူခရိုင်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

အမ်ပီကေတိုနီမြို့အနီး ဟင်ဒီရှိအိမ်များလည်း တိုက်ခိုက်ခံခဲ့ရပြီး ဂမ်ဘာရှိ ရဲစခန်းတစ်ခုကိုလည်း တိုက်ခိုက်ခဲ့ကြောင်း နိုင်ရိုဘီရောက် ဘီဘီစီသတင်းထောက်က ပြောကြားခဲ့သည်။

ကင်ညာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ ၎င်းတိုက်ခိုက်မှုနှစ်ခု၌ ၁၃ ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

အဆိုပါတိုက်ခိုက်မှု ပြုလုပ်သွားသူကို မသိရသေးသော်လည်း ဆိုမာလီစစ်သွေးကြွ အစ္စလာမ္မစ်အုပ်စုများသည် ၎င်းဒေသ၌ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။

ပြီးခဲ့သည့်လ အစောပိုင်းက လာမူဒေသရှိ ရဲစခန်းတစ်ခုနှင့် ဟိုတယ်များကို သေနတ်သမားများ စီးနင်းတိုက်ခိုက်မှုကြောင့် လူ ၆၀ ထက်မနည်း သေဆုံးခဲ့ရသည်။

အမ်ပီကေတိုနီမြို့မှ ၁၅ ကီလိုမီတာအကွာ ဝိတုရွာ၌ လက်နက်ကိုင်အုပ်စု တိုက်ခိုက်ခံရမှုကြောင့် ငါးဦးသေဆုံးခဲ့သည်။ ၎င်းအဖြစ်အပျက်ဖြစ်ပွားပြီး နောက်တစ်နေ့၌ ကမ်းရိုးတန်းဒေသတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ခွဲထွက်ရေးသမား ၁၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

(ဘီဘီစီ)

မန္တလေးမြို့၌ ဖြစ်ပွားသည့် ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ ၁၆ ဦးအား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်ခုနစ်မှုမှ ပြစ်မှုကျူးလွန်သူများအားစုံစမ်းဆဲဖြစ် ပုဒ်မ ၁၄၄ အမိန့်လိုက်နာမှုမရှိသူ ၃၄၆ ဦးအား ပုဒ်မ ၁၈၈ ဖြင့်အရေးယူ

မန္တလေး ဇူလိုင် ၆

မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်မှ ၅ရက်အထိ စုစုပေါင်းအမှု ၁၅ မှုရှိကြောင်း၊ ယင်းတို့အနက် လူသတ်မှု နှစ်မှု၊ နာကျင်စေမှု သုံးမှု၊ မီးရှို့မှု တစ်မှု၊ ပြစ်မှုပုဒ်မ ၃၂၄/၁၁၄ တစ်မှု တို့မှာ တရားခံ စုံစမ်းဆဲဖြစ်ပြီး ကျန်အခြားအမှု သုံးမှု၊ လက်နက်ပုဒ်မ ၁၉(က)နှစ်မှု၊ ရဲအက်ပုဒ်မ ၃၅ဃ သုံးမှု တို့မှ ပြစ်မှုကျူးလွန်သူ ၁၆ဦးတို့ကို ဖမ်းဆီး၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၃ရက်က မန္တလေးမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမရှိသူများအား အရေးယူခဲ့ရာ ဇူလိုင် ၃ရက်က အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ် တို့မှ တွေ့ရှိသူ ၁၄၅ ဦးကို ပညာပေး ကိုယ်တိုင်ခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ခဲ့ပြီး ဇူလိုင် ၄ ရက်က မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ၁၀၀ဦး၊ ဇူလိုင် ၅ ရက်၌ ၁၀၁ဦးတို့အား ပုဒ်မ ၁၈၈ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၂ ဘီး ကုန်တင်ယာဉ်က ရှေ့မှ မောင်းနှင်နေသော ဆိုင်ကယ်ကို တိုက်မိ၍ ဆိုင်ကယ်မောင်းသူ ပွဲချင်းပြီးသေဆုံး

ဖြူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းအပိုင်နယ်မြေ ရန်ကုန်-မန္တလေး ပုံမှန်လမ်းတွင် မြောက်မှတောင်သို့ မောင်းနှင်လာသော ဆိုင်ကယ်ကို မြောက်မှတောင်သို့ ယာဉ်မောင်း ကိုကျော်ဦး မောင်းနှင်သော ၂၂ ဘီးနောက်တွဲယာဉ်က တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ ပွဲချင်းပြီးသေဆုံးမှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် ည ၉ နာရီ မိနစ် ၅၀က ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းမြောက်ဘက် တစ်မိုင်ခန့် ညောင်ပင်သာတိုက်နယ်ဆေးရုံရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ညောင်ပင်သာရဲစခန်းမှ တာဝန်မှူးတပ်ကြပ် အောင်ထွေးနှင့်သက်သေဦးခင်စိုး ပဲခူးလမ်း မြောက်ပိုင်း ညောင်ပင်သာ၊ ဦးမောင်စိုး ပဲခူးလမ်း ညောင်ပင်သာနေသူတို့နှင့်အတူ အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ကိုကျော်ဦး (၄၇နှစ်) ဟင်းကုတ်ပင်ရွာအုတ်တွင်းမြို့နယ်နေသူ မောင်းနှင်လာသည့် တန/--၂၂ဘီး၊ နောက်တွဲယာဉ်က မြောက်မှတောင်သို့ မောင်းနှင်စဉ် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းမိုင်တိုင်အမှတ် (၁၃၇/၁) နှင့်(၁၃၇/ ၃) အကြားအရောက် မြောက်မှတောင်သို့ မောင်းနှင်လာသော ဇော်ဝင်း (၃၈နှစ်) စက်ကုန်းပိုင်ရပ်ကွက် ညောင်ပင်သာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)ကို ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ ဇော်ဝင်းမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ညောင်ပင်သာ တိုက်နယ်ဆေးရုံသို့ ရဲဆေးစာဖြင့်ပေးပို့ခဲ့သည်။

အမှုကို ညောင်ပင်သာရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်ပြီး လူသေစေမှုအရ အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

❒ ရှေ့ဖုံးမှ

မောင်ရင်းနှမများပမာ သဘောထားဆက်ဆံပေးကြပါရန် စသည်ဖြင့် အချက်ရှစ်ချက်ပါသော သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။

အလားတူ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကလည်း ယနေ့ မွန်းလွဲ ၂ နာရီတွင် Oriental House ၌ ကျင်းပခဲ့ပြီး ပူးတွဲသဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ သဘောထားကြေညာချက်၌ မန္တလေးမြို့တွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် ပဋိပက္ခကို မကြီးထွားစေရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းစေရေးအတွက် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာဘာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြသည့်အတွက် မန္တလေးမြို့၌ တည်ငြိမ်အေးချမ်းမှု မြန်မြန်ဆန်ဆန်ရရှိလာခြင်းကြောင့် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များအား ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က အထူးကျေးဇူးတင်ကြောင်း၊ မန္တလေးမြို့တွင် အေးချမ်းသာယာမှုများရရှိစေရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင် ခရစ်ယာန်အသင်းအဖွဲ့များက ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ပေးကြခြင်းကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က အထူးကျေးဇူးတင်ကြောင်း၊ ပဋိပက္ခတွင် ပါဝင်ပတ်သက်၍ ဥပဒေကျူးလွန်ခဲ့ကြသူများနှင့် ပဋိပက္ခကို နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်ကြသူများအား လျင်မြန်စွာ ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူပေးပါရန် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်း၊ ရာဇဝတ်မှုကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကို လုံခြုံရေးအပြည့်အဝဖြင့် ထိရောက်လျင်မြန်စွာ စီမံဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း စသည်ဖြင့် အချက်ရှစ်ချက် ပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးရန် ကင်းဝေးဖို့ အားလုံးပါဝင် ကူညီစို့

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

မြန်မာနှင့် ကမ္ဘောဒီးယား ဥရောပသို့ ဆန်တင်ပို့မှုမြင့်တက်

စပိန်သတင်းစာ တစ်စောင်ဖြစ်သည့် EL Mundo က စပိန်နိုင်ငံအယ်ဘူဖယ်ရာဒေသရှိ လယ်သမားများသည် အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်ပက်သက်ပြီး စိုးရိမ်မှုများကြီးထွားလာကြကြောင်း၊ ယင်း လယ်သမားများသည် အရှေ့တောင်အာရှမှ ဆန်တင်ပို့မှုမြင့်တက်လာပြီး တစ်နှစ်တာအတွင်းဈေးနှုန်း ၁၅ ရာခိုင်နှုန်း ကမောက်ကမ ဖြစ်သွားခဲ့သည့်အပေါ် မကျေမနပ်ဖြစ်နေကြကြောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်းက မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ဥရောပသို့ဆန်တင်ပို့မှု သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ ဆန်တင်ပို့သည့်ပမာဏမှာ ၂၀၀၈-၂၀၀၉ ခုနှစ်က ဆန်တန်ချိန် ၅၄၀၀ အောက်လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကစပြီး ဆန်တန် ချိန် ၁၉၀၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း၊ ဤအချက်ကပင် အရှေ့တောင်အာရှမှ ဥရောပသို့ဆန်တင်ပို့မှု တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်ကို ခန့်မှန်းသိရှိနိုင်ကြောင်း ရေးသားဖော်ပြထားသည်။

အီဂျစ်နိုင်ငံ ဥရောပအတွက်ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်

အီတလီနိုင်ငံထုတ် //Sole 24 Ore သတင်းစာက Veronafierce ကုမ္ပဏီသည် ဆောက်လုပ်ရေးနှင့်ဆိုင်သော ကုန်စည်ပြပွဲနှင့်အတူ ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကိုင်ရိုမြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဂျီယိုဗန်နီက အီဂျစ်နိုင်ငံသည် ဥရောပအတွက် အရေးကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ဆောက်လုပ်ရေးနှင့်ဆိုင်သော အရေးပါသည့် နိုင်ငံတကာဈေးကွက်များမှာ ရုရှား၊ ရိုမေးနီးယားနှင့် အာဆီယံနိုင်ငံများဖြစ်ပြီး ယင်းအာဆီယံနိုင်ငံများထဲတွင် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် အဓိကကျကြောင်း ရေးသားဖော်ပြထားသည်။

မြန်မာနှင့် အိန္ဒိယနယ်ခြားရှိ တောင်တန်းများမှချင်းလူမျိုးများ

The Independent UK သတင်းစာက မြန်မာနှင့်အိန္ဒိယ နယ်ခြားရှိ မြင့်မားသည့်တောင်တန်းများအတွင်း ချင်းလူမျိုးများနေထိုင်ကြကြောင်း၊ ယခုအခါ ချင်းလူမျိုးများသည် ခေတ်နောက်ကျသော အတွေးအခေါ်များ စွန့်လွှတ်လိုက်ကြပြီဖြစ်သည့်အပြင် ခရစ်ယာန်သာသနာပြုအဖွဲ့များ၏ ထောက်ပံ့ကူညီမှုဖြင့် စာတတ်မြောက်သူများအဖြစ် ရောက်ရှိလာခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။

ရော်ဂျာရောဘတ်စ်ရေးသားသည့်စာအုပ် ရေပန်းအစားဆုံးဖြစ်

UK နိုင်ငံထုတ် Daily Mail သတင်းစာက ဗြိတိသျှနိုင်ငံရေးသမားများအကြား လူကြိုက်များသည့် စာအုပ်အများအပြားထဲတွင် ရော်ဂျာရောဘတ်စ်ပြုစုရေးသားထားသည့် How Parliament Works စာအုပ်သည် ရေပန်းအစားဆုံးဖြစ်ပြီး မြန်မာနိုင်ငံတွင် တရားဘာဝနာကျင့်သုံးခြင်းဖြင့် စိတ်ဖိစီးမှုဒဏ် သက်သာစေသည်ဟူသော A Lonely Planet အမည်ရှိ စာအုပ်လည်း လူကြိုက်များသည့်စာရင်းတွင် ပါဝင်ကြောင်း၊ အလားတူပင် သောမတ်စ် အာစကိုင်းမေ ရေးသားထားသည့် Westminster အကြောင်း ရေးထားသော သမိုင်းစာအုပ်သည်လည်း နိုင်ငံရေးသမားများ ကြိုက်နှစ်သက်သည့်စာရင်းတွင် ပါဝင်ကြောင်းရေးသားဖော်ပြထားသည်။

ဘာသာပြန် - ဇျောတိ

✻ ရှေ့ဖုံးမှ

ဟိုတယ်ပေါင်း ၁၀၁၉ လုံးရှိပြီး အခန်းပေါင်း ၃၉၄၀၇ ခန်းရှိနေကြောင်း သိရသည်။ စီးပွားရေးမြို့တော် ရန်ကုန်၌ဟိုတယ် ၂၅၆ လုံးရှိနေပြီး အခန်းပေါင်း ၁၁၈၅၁ ခန်းရှိနေသည်။

ထို့အတူ နေပြည်တော်တွင် ဟိုတယ် ၅၄ လုံး၊ မန္တလေးမြို့၌ ဟိုတယ် ၁၂၆ လုံး၊ ပုဂံ၌ ဟိုတယ် ၇၇ လုံးနှင့်ညောင်ရွှေ-အင်းလေး၌ ဟိုတယ် ၅၆ လုံးရှိနေသည်။ မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် သွားရောက်လည်ပတ်နိုင်သော ဘေးမဲ့တော ၁၀ ခုကိုလည်း ခွင့်ပြုထားသည်။

ထို့အတူ ပျူ၊ သရေခေတ္တရာနှင့် ဟန်လင်းမြို့ဟောင်းများကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းထားပြီဖြစ်ရာ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားများ လာရောက်မှု တိုးမြင့်လာမည့်အနေအထားရှိနေပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ			
စဉ်	တည်နေရာ/တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရန်ကုန်တိုင်းဒေသကြီး	ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဆေးတက္ကသိုလ်(၂)၊ ရန်ကုန် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်	(၁)အရာရှိအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ်တည်ဆောက်ခြင်းနှစ်လုံး (၁) အရာထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တည်ဆောက်ခြင်းတစ်လုံး (၁) (၃) စာသင်ဆောင်တည်ဆောက်ခြင်း တစ်လုံး (၂) ဆရာ/ဆရာမများအိမ်ရာ ခြောက်ခန်းတွဲသုံးထပ် တည်ဆောက်ခြင်းတစ်လုံး
		သူနာပြုတက္ကသိုလ်၊ ရန်ကုန်	(၁) အရာရှိအိမ်ရာနှစ်ခန်းတွဲလေးထပ်တည်ဆောက်ခြင်းနှစ်လုံး (၂) အမှုထမ်းအိမ်ရာ ရှစ်ခန်းတွဲလေးထပ်တည်ဆောက်ခြင်း တစ်လုံး
		ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန၊ လှည်းကူး	(၁) စာသင်ဆောင်တည်ဆောက်ခြင်း တစ်လုံး (၂) အမှုထမ်းအိမ်ရာတည်ဆောက်ခြင်း တစ်လုံး
၂။	မန္တလေးတိုင်းဒေသကြီး	ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး သူနာပြုတက္ကသိုလ်၊ မန္တလေး	(၁) လူ (၁၅၀)ဆံ့ အိပ်ဆောင်သုံးထပ်ဆောင် တည်ဆောက်ခြင်း တစ်လုံး (၁) ခြောက်ထပ်ဆောင်တည်ဆောက်ခြင်း တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။
၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၃၆/ခ၊ မြေကွက်တည်နေရာ အမှတ် ၁၃၆၊ သီဂီ ၄ လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးခင်မြင့်) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မြင့်(ဖခင်)နှင့် ဒေါ်စန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်မြတ်မြတ်စိုး ၁၂/သကတ(နိုင်)၀၀၂၁၈၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၄၅၅/၂၀၁၄)ရသူ ဒေါ်ဝင်းဝင်းခိုင် ၁၂/ဥကတ(နိုင်)၁၃၂၀၀၅ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပေါက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ပေါက် ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပေါက်မြို့ လေသာတောင်ဆုတောင်းပြည့်ဘုရားအနီး ရတနာတောင်ကုန်းဝန်းကျင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ သစ်တောဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခင်တန်းရှည်၊ ကျားသိုက်၊ ဆင်ဇာကျေးရွာမှ ပြည်သူ ၂၆၁ ဦးတို့က စုပေါင်း၍ ကျွန်း၊ ယူကလစ်၊ လျှော်ဖြူ၊ တမာ၊ ကုက္ကိုပင်ပျိုးပင်ပေါင်း ၆၀၃ ပင်စိုက်ပျိုးခဲ့ကြသည်။ **ဖိုးသားလေး(ယောမြေ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီများ(၂)

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲအောင် ဆောင်ရွက်နေတဲ့အချိန်မှာ ထင်ရှားတဲ့အချက်တစ်ခုက အများပိုင်ကုမ္ပဏီများ တည်ထောင်ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်မှုကို တိုက်တွန်းအားပေးခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ရှိအခြေအနေမှာ စုစုပေါင်း ၂၀၀ နီးပါး တည်ထောင်ခဲ့တာတွေ့ရပါတယ်။ တစ်ချိန်က အသုံးများတဲ့စကားပုံက "ခေတ်မီတဲ့သူတိုင်း ပင်လယ်စာစားတယ်"ဆိုခဲ့သလို အခုတော့ "ခေတ်မီတဲ့သူတိုင်း အများပိုင်ကုမ္ပဏီတည်မယ်"ဖြစ်နေပါတယ်။ ဟိုမှာလည်းဖွဲ့၊ သည်မှာလည်းဖွဲ့၊ နေရာတိုင်းလိုလို၊ ဒေသတိုင်းလိုလိုဖွဲ့နေကြတာ တွေ့ရပါတယ်။

အခုလို အများပိုင်ကုမ္ပဏီတွေဖွဲ့နေပေမယ့် စဉ်းစားစရာကိစ္စတစ်ခုက စနစ်တကျဖွဲ့စည်းမှုရှိ၊ မရှိဆိုတဲ့အကြောင်းပဲဖြစ်ပါတယ်။ တစ်ဦးတည်းပိုင်ကုမ္ပဏီ သို့တည်းမဟုတ် ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်တဲ့ ကုမ္ပဏီကို အများပိုင်ကုမ္ပဏီဖွဲ့ခြင်းဟာ နာမည်ပြောင်းရုံသက်သက်အနေနဲ့ဖြစ်လာမှာမဟုတ်ပါဘူး။ အခုတော့ အများအထင်ကြီးအောင် ယုန်ထင်ကြောင်ထင်ဖြစ်အောင် နာမည်ပြောင်းတာမဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီများကို စနစ်တကျတည်ထောင်တဲ့နေရာမှာ "Good Corporate Governance"ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ စီမံမှုရှိဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အတိုင်းအတာနဲ့စဉ်းစားတဲ့အခါ "Good Governance" ကောင်းမွန်သော စီမံအုပ်ချုပ်မှုရှိဖို့လိုသလိုဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေဘောင်အတွင်း သတ်မှတ်ချက်များကို လိုက်နာရမှာသာဖြစ်ပါတယ်။ အခုလို ဥပဒေဘောင်ရှိတာမို့ လုပ်ငန်းဆောင်ရွက်ရာမှာ အထောက်အကူအများကြီး ရရှိနိုင်ပါတယ်။

အများပိုင်ကုမ္ပဏီရဲ့ အခြေခံတစ်ခုက ပိုင်ဆိုင်မှု (Ownership) နဲ့ စီမံခန့်ခွဲမှု (Management) ခွဲခြားမှုပဲဖြစ်ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများမှာ အခုလိုခွဲခြားမှုမရှိတာ တွေ့ရပါတယ်။ ပိုင်ရှင်လုပ်သူကိုယ်တိုင်လုပ်ငန်းအဖွဲ့အစည်းများကို တာဝန်ယူပြီး စီမံခန့်ခွဲနေကြပါတယ်။ အခုလိုရှိတဲ့အနေအထားဟာ တစ်ဖက်က အားသာချက်တွေရှိပေမယ့် တစ်ဖက်က အားနည်းချက်တွေ အများကြီးရှိတာကိုလည်း သုံးသပ်လို့ရပါတယ်။

ပုဂ္ဂလိကလုပ်ငန်းများနဲ့ပတ်သက်ပြီး အားနည်းချက်က ရင်းနှီးမြှုပ်နှံမှုနဲ့ ဘဏ္ဍာငွေစုဆောင်းရရှိမှုဖြစ်ပါတယ်။ ပိုင်ရှင်များရဲ့ ပိုင်ဆိုင်မှု အကန့်အသတ်ဘောင်အတွင်းသာ ရင်းနှီးမြှုပ်နှံမှုပမာဏရှိနိုင်မှာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖွဲ့စည်းခြင်းရဲ့ အားသာချက်မှာ အစုရှယ်ယာရှင် ပမာဏများလေလေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏများလေလေ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အများပိုင်ကုမ္ပဏီများဖွဲ့စည်းမှုကို အားပေးခဲ့တဲ့အကြောင်းအရင်းတစ်ခုက ပုဂ္ဂလိကကဏ္ဍကို တိုးချဲ့လိုတဲ့ဆန္ဒလည်း ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စီမံထားတဲ့အတိုင်း ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံမှာ Stock Exchange တည်ထောင်ဖို့ အစီအစဉ်ရှိတဲ့အတွက် Stock Exchange အကောင်အထည်ဖော်မှုရဲ့ အခြေခံဟာ အများပိုင်ကုမ္ပဏီများရဲ့ ရှယ်ယာများရောင်းဝယ်မှုသာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများမရှိဘဲ Stock Exchange ဖွင့်လှစ်ဖို့ မဖြစ်နိုင်ပါဘူး။ အများပိုင်ကုမ္ပဏီများများရှိလေလေ၊ ဒီကုမ္ပဏီတွေရဲ့ အစုရှယ်ယာများကို Stock Exchange မှာ ရောင်းဝယ်နိုင်မှာသာ ဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီတစ်ခုမှာ အရေးကြီးဆုံးပုဂ္ဂိုလ်များက ကုမ္ပဏီရဲ့ အစုရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်တဲ့ရှယ်ယာရှင်များသာ ဖြစ်ပါတယ်။ အစုရှယ်ယာရှင်များဟာ အများပိုင်ကုမ္ပဏီရဲ့ပိုင်ရှင်တွေသာ ဖြစ်ပါတယ်။ အစုရှယ်ယာဝင်များမှာ ရပိုင်ခွင့် Rights တွေရှိသလို တစ်ဖက်ကလည်း ဒီရပိုင်ခွင့်ရတဲ့အတွက် တစ်ဖက်မှာ ဝတ္တရား Responsibilities ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နေရာတိုင်းလိုလို ရပိုင်ခွင့်များကိုသာ ဦးစားပေးဆွေးနွေးကြပြီး တာဝန်ဝတ္တရားများနဲ့ပတ်သက်လို့ အလေးမထားတာတွေ့ရပါတယ်။ အစုရှယ်ယာရှင်များရဲ့ အဓိကတာဝန်က ရှယ်ယာဝင်များကိုယ်စား ကုမ္ပဏီကို ဦးစီးဦးဆောင်မယ့် Board of Directors (BOD) အဖွဲ့ဖြစ်ပါတယ်။

အစုရှယ်ယာဝင်များမှာ မိမိအစုရှယ်ယာဝင်များအနက် ဦးစီးပေးနိုင်မယ့် ဒါရိုက်တာအဖွဲ့ဝင်များကို ရွေးချယ်ပေးရပါတယ်။ ဒီဒါရိုက်တာ အဖွဲ့ဝင်များဟာ ဒါရိုက်တာအဖွဲ့ကို ဦးစီးပေမယ့် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို ရွေးချယ်ခန့်ထားကြပါတယ်။ တစ်ဆက်တည်းမှာလည်း ဒါရိုက်တာအဖွဲ့ဝင်များပါဝင်တဲ့ ကော်မတီများဖွဲ့စည်းပြီး ကုမ္ပဏီကိုဦးဆောင်မှုပေးပါတယ်။ အရေးကြီးတဲ့အချက်ကို BOD အဖွဲ့ဝင်တွေဟာ အစုရှယ်ယာရှင်များကို ကိုယ်စားပြုသူတွေဖြစ်ပါတယ်။ BOD ဟာကုမ္ပဏီရဲ့ ကာလရှည် မဟာဗျူဟာချမှတ်မှုကို အလေးထားပြီး ပဲ့ကိုင်ပေးတဲ့သဘောဖြစ်ပါတယ်။ ကုမ္ပဏီရဲ့အသေးစိတ်ကိစ္စတွေကိုတော့ BOD က ရွေးချယ်ခန့်ထားတဲ့ CEO လို့ခေါ်တဲ့ Chief Executive Officer (အမှုဆောင်အရာရှိချုပ်)က ဆောင်ရွက်ရမှာဖြစ်တယ်။ အခုလို BOD က CEO ကို ခန့်ထားပြီးချိန်က စပြီး ကုမ္ပဏီရဲ့ကိစ္စအဝဝကို CEO ကပဲ ဆက်လက်တာဝန်ယူပြီး BOD က ပါဝင်ပတ်သက်မှုမရှိတော့ပါဘူး။ အခြေခံသဘောက ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှု နှစ်ခုကို ပြတ်သားစွာခွဲခြားခြင်းသာ ဖြစ်တယ်။ BOD ကို အရွေးချယ်ခံရပြီး CEO ကိုတော့ ခန့်ထားရတာဖြစ်ပါတယ်။

အမှုဆောင်အရာရှိချုပ်အနေနဲ့ ကုမ္ပဏီကို ဦးဆောင်ပြီး လှုပ်ရှားရပါတယ်။ လိုအပ်တဲ့စီမံခန့်ခွဲသူတွေကို တာဝန်ပေးလေ့ရှိပါတယ်။ ဥပမာအားဖြင့် Chief Operating Officer (COO) ဒီအရာရှိဟာ လုပ်ငန်းဆိုင်ရာကိစ္စတွေကို တာဝန်ယူသူဖြစ်ပါတယ်။ Chief Financial Officer (CFO) က ကုမ္ပဏီရဲ့ ဘဏ္ဍာရေးကိစ္စရပ်များကို တာဝန်ယူပါတယ်။ CEO လုပ်သူဟာ ကုမ္ပဏီတစ်ခုလုံးကို ဦးစီးရသူ ဖြစ်ပါတယ်။ CEO ကို ခန့်ခြင်း၊ ဖြုတ်ခြင်းက BOD ရဲ့ တာဝန်ဝတ္တရားသာဖြစ်ပါတယ်။

BOD ဟာ ပုံမှန်အားဖြင့် တစ်လတစ်ကြိမ်အစည်းအဝေးထိုင်ပြီး ကုမ္ပဏီရဲ့ အခြေအနေ၊ တိုးတက်အောင်မြင်ဖို့အတွက် မူပိုင်းဆိုင်ရာပေါ်လစီများကို ချမှတ်ပေးပါတယ်။ ကုမ္ပဏီရဲ့ရှေ့အနာဂတ်အလားအလာ အနေအထားတွေကို အာရုံပြုပြီးလမ်းညွှန်မှုပေးပါတယ်။ BOD အဖွဲ့ဝင်တွေမှာ အမှုဆောင်ဒါရိုက်တာ Executive Directorနဲ့ ပြင်ပဒါရိုက်တာ Non-executive Director နှစ်မျိုးနှစ်စား ရှိပါတယ်။

အမှုဆောင်ဒါရိုက်တာတွေဟာ ကုမ္ပဏီအရေးမှာ ထဲထဲဝင်ဝင်ပါဝင်ကြပြီး ပြင်ပဒါရိုက်တာတွေက ကုမ္ပဏီလုပ်ငန်းနဲ့မပတ်သက် လွတ်လွတ်လပ်လပ်အကြံပေးနိုင်သူတွေဖြစ်ပါတယ်။ ပြင်ပဒါရိုက်တာများ၏ အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ အရှိကိုအရှိအတိုင်း ဘက်လိုက်မှုမရှိဘဲ သုံးသပ်ပြီးအကြံပေးနိုင်သူတွေ ဖြစ်ကြပါတယ်။ BOD ရဲ့ဆောင်ရွက်မှုမှာ ဘုတ်ကော်မတီဖွဲ့စည်းမှုဟာလည်း အရေးပါပါတယ်။

ကော်မတီအမျိုးအစားနဲ့ အရေအတွက်က ကုမ္ပဏီတစ်ခုချင်းစဉ်းစားဆုံးဖြတ်ရတာဖြစ်ပါတယ်။ BOD အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်မှုကော်မတီ Nomination Committee၊ BOD များအတွက် ချီးမြှင့်ငွေသတ်မှတ်မှုကော်မတီ Renumeration Committee၊ စာရင်းစစ်ကော်မတီ Audit Committee၊ စွန့်စားမှုနဲ့ လိုက်နာမှုကော်မတီ Risk and Compliance Committee၊ လူသားအရင်းအမြစ်ကော်မတီ Human Resources Committee အစ ရှိတဲ့ကော်မတီများကိုဖွဲ့စည်းပြီး သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြပါတယ်။ BOD အဖွဲ့ဝင်အရေအတွက်က သတ်သတ်မှတ်မှတ်အနေနဲ့ မရှိဘဲ မဂဏန်းရှိဖို့သာ သတိပြုရမှာဖြစ်ပါတယ်။ မဂဏန်းရှိမှ ကုမ္ပဏီရဲ့ ပတ်သက်တဲ့ အငြင်းပွားစရာကိစ္စများ ဆုံးဖြတ်ရာမှာမဲခွဲတဲ့အခါပြတ်သားတဲ့ အဖြေရနိုင်မှာဖြစ်ပါတယ်။ စုံဂဏန်းဖြစ်နေရင် မဲခွဲတဲ့အခါ ပြဿနာရှိနိုင်ပါတယ်။

BOD မှာ ဥက္ကဋ္ဌ Chairman ဟာ အဓိကဖြစ်ပါတယ်။ ကုမ္ပဏီကို သုံးသပ်တဲ့အခါ ဥက္ကဋ္ဌဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို အခြေခံပါတယ်။ ဥက္ကဋ္ဌလုပ်သူကို BOD အဖွဲ့ဝင်များအချင်းချင်း ရွေးချယ်တင်မြှောက်ကြပါတယ်။ အစုရှယ်ယာရှင်များက တိုက်ရိုက်ရွေးချယ်ခွင့်မရှိပါဘူး။ ဒါကြောင့်လည်း ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု Good Corporate Governance ကျင့်သုံးမှုဟာ ဒီမိုကရေစီကျင့်စဉ် လုပ်ထုံးနည်းများကို လိုက်နာခြင်းသာ ဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီများမှာ အစုရှယ်ယာဝင်ထားတဲ့သူတွေအတွက် အခြေခံရပိုင်ခွင့်ဟာ တစ်နှစ်တစ်ကြိမ်ကျင်းပရတဲ့ ကုမ္ပဏီရဲ့အထွေထွေညီလာခံအစည်းအဝေးမှာ အမှုဆောင်တွေရွေးချယ်ပေးမှုပဲ ဖြစ်ပါတယ်။ မိမိတို့ယုံကြည် အားကိုးလေးစားတဲ့သူတွေကို မိမိတို့ကိုယ်စားကုမ္ပဏီကို ဦးဆောင်ဦးရွက်ပေးသူတွေကို ရွေးချယ်ပေးဖို့ဖြစ်ပါတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ အမှုဆောင်များရဲ့ ဆောင်ရွက်ချက်တွေ၊ အောင်မြင်မှုရှိရင် တစ်နည်းအားဖြင့် ကုမ္ပဏီမှာ အမြတ်များရင် ကုမ္ပဏီရဲ့တန်ဖိုးတိုးတက်လာတဲ့အတွက် ပိုင်ဆိုင်တဲ့ ရှယ်ယာတွေကို Stock Exchange မှာ ရောင်းချနိုင်ပြီး အကျိုးအမြတ်ရှိနိုင်ပါတယ်။တစ်ဖက်ကလည်း အမှုဆောင်တွေရဲ့ဆောင်ရွက်မှုမအောင်မြင်တဲ့အခါ ကုမ္ပဏီတန်ဖိုးအလိုလို လျော့နည်းသွားမှာ ဖြစ်ပါတယ်။

> **ပုဂ္ဂလိကကဏ္ဍကြီးထွားမှုနဲ့ ပတ်သက်ပြီး မဖြစ်မနေရှိရမယ့် ယန္တရားကတော့ အများပိုင်ကုမ္ပဏီသာဖြစ်ပါတယ်။ တစ်ဦးတည်းပိုင်လုပ်ငန်း၊ မိသားစုလုပ်ငန်း၊ အစုစပ်လုပ်ငန်းတွေရဲ့ အခြေခံအားနည်းချက်က ဘဏ္ဍာငွေ အကန့်အသတ်ဖြစ်ပါတယ်။ တစ်ဦးချင်းပိုင်ဆိုင်မှုကိုသာ မှီခိုနေကြရတယ်။ အများပိုင်ကုမ္ပဏီတည်ထောင်ခြင်းနဲ့ ဒီအကန့်အသတ်ကို အလွယ်တကူ ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီအပေါ် စိတ်ဝင်စားတဲ့သူ များများရှိလေလေ ရင်းနှီးမြှုပ်နှံမှု ပမာဏများလေလေဖြစ်ပါတယ်။**

အစုရှယ်ယာရှင်တွေမှာ စွန့်စားမှု Risk ရှိပါတယ်။ဒါကြောင့်လည်း ယုံကြည်မှု Trust ဟာ အလွန်အရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ မိမိငွေကို တခြားလူကိုပေးအပ်ထားပြီး ယုံကြည်မှုအပြည့်နဲ့ မြှုပ်နှံရတာလုပ်ငန်းဆောင်ရွက်မှုတွေ မအောင်မြင်ခဲ့ရင် ရင်းနှီးသမျှဆုံးရှုံးသွားမှာ ဖြစ်တယ်။ အခုလို အစုရှယ်ယာဝယ်ယူပြီး ရင်းနှီးရာမှာ မျှော်လင့်ချက်နှစ်ရပ်ရှိပါတယ်။ စောစောကပြောသလို လုပ်ငန်းအောင်မြင်ခဲ့ရင် ကုမ္ပဏီရဲ့တန်ဖိုးတွေ တက်လာတာနဲ့အမျှ မိမိဝယ်ယူထားတဲ့ ရှယ်ယာတန်ဖိုးဟာလည်း တက်လာဖို့ရှိပါတယ်။ ဒုတိယမျှော်လင့်ချက်က ကုမ္ပဏီအနေနဲ့ အမြတ်အစွန်းရရှိရင် အမြတ်ခွဲဝေမှုရနိုင်ပါတယ်။ အမြတ်အပေါ် ခွဲဝေမှု Dividend ဟာ အလိုအလျောက် ရနိုင်တာမဟုတ်ပါဘူး။ ကုမ္ပဏီကမြတ်ပေမယ့် BOD အဖွဲ့အနေနဲ့ အမြတ်ခွဲဝေမှုမပေးဖို့ဆုံးဖြတ်ခဲ့ရင် အစုရှယ်ယာအနေနဲ့ တောင်းဆိုလို့မရပါဘူး။ BOD က ကုမ္ပဏီရဲ့အကျိုးကိုရှေးရှုပြီး အမြတ်ခွဲဝေမှုမပေးဖို့ ဆုံးဖြတ်ရင် အစုရှယ်ယာရှင်အနေနဲ့ စောဒကတက်လို့မရပါဘူး။ မိမိကိုယ်တိုင် ကနဦးက ယုံယုံကြည်ကြည်နဲ့ရွေးချယ်ခဲ့တဲ့ BOD ရဲ့ အဆုံးအဖြတ်ကို သာသာကြည်ကြည်နဲ့သာ လက်ခံဖို့ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍတိုးတက်မှုဟာ သော့ချက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ တာဝန်က စီးပွားရေးလုပ်နေတဲ့ လုပ်ချင်တဲ့သူတွေကို အားပေးဖို့သာဖြစ်ပါတယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိပေမယ့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရမှာသာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ပိုင်ဆိုင်မှု အခွင့်အလမ်းတွေကို ကာကွယ်စောင့်ရှောက်မှု စတာတွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ပုဂ္ဂလိကကဏ္ဍကြီးထွားမှုနဲ့ ပတ်သက်ပြီး မဖြစ်မနေရှိရမယ့် ယန္တရားကတော့ အများပိုင်ကုမ္ပဏီသာဖြစ်ပါတယ်။ တစ်ဦးတည်းပိုင်လုပ်ငန်း၊ မိသားစုလုပ်ငန်း၊ အစုစပ်လုပ်ငန်းတွေရဲ့ အခြေခံအားနည်းချက်က ဘဏ္ဍာငွေအကန့်အသတ်ဖြစ်ပါတယ်။ တစ်ဦးချင်းပိုင်ဆိုင်မှုကိုသာ မှီခိုနေကြရတယ်။ အများပိုင်ကုမ္ပဏီတည်ထောင်ခြင်းနဲ့ ဒီအကန့်အသတ်ကို အလွယ်တကူကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီအပေါ် စိတ်ဝင်စားတဲ့သူများများရှိလေလေ ရင်းနှီးမြှုပ်နှံမှု ပမာဏများလေလေ ဖြစ်ပါတယ်။

အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ဖို့ Initial Public Offering (IPO)ကို ဆောင်ရွက်ရပါတယ်။ ကနဦးစမ်းသပ်တဲ့အနေနဲ့ ရှယ်ယာတွေကို ရောင်းချရပါတယ်။ ဒီလိုရောင်းချမှုအပေါ် စိတ်ဝင်တစားနဲ့ ရင်းနှီးမယ့်သူတွေက ဝယ်ယူကြရတယ်။ IPO လုပ်တိုင်းအောင်မြင်မယ်လို့ ပြောလို့မဖြစ်ပါဘူး။ စိတ်ဝင်စားမှုနည်းပါးရင်၊ ဝယ်ချင်တဲ့သူတွေနည်းရင် ပြန်ရုပ်သိမ်းခဲ့ရပါတယ်။

အများပိုင်ကုမ္ပဏီနဲ့ပတ်သက်လာရင် အစုရှယ်ယာဝင်တွေအတွက် ပြည့်စုံလုံလောက်တဲ့ အာမခံမှုတွေကို ဥပဒေအရ ဖန်တီးပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ BOD နဲ့ CEO အပါအဝင် စီမံခန့်ခွဲသူတွေဟာ အစုရှယ်ယာရှင်များရဲ့အကျိုးကို ဦးထိပ်ထားပြီး တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့ကို Custodians ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးသူများအဖြစ် သတ်မှတ်ပါတယ်။ အစုရှယ်ယာရှင်များရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ ဥပဒေလုံခြုံမှုရှိဖို့ အရေးကြီးသလို BODတွေရဲ့ ဦးဆောင်မှုနဲ့ CEO တို့ရဲ့ စီမံခန့်ခွဲမှု အရည်အသွေးဟာ အလွန်အရေးကြီးပါတယ်။

အများပိုင်ကုမ္ပဏီ ဖွဲ့စည်းလှုပ်ရှားမှုနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအချက်တစ်ခုက ကုမ္ပဏီဝန်ထမ်းများကို အစုရှယ်ယာဝင်ခွင့်ပြုခြင်းဖြစ်ပါတယ်။ အခုလိုခွင့်ပြုချက်တွေကို နိုင်ငံအနှံ့မှာတွေ့ရပါတယ်။ သူတို့ဟာOwner-employee ပိုင်ရှင်ဝန်ထမ်းတွေ ဖြစ်လာပါတယ်။ တစ်ဖက်ကဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်ဖက်မှာလည်း ကုမ္ပဏီရဲ့ အစုရှယ်ယာဝင်တစ်ဦးအနေနဲ့ ပိုင်ရှင်တစ်ယောက် ဖြစ်ပါတယ်။

သူပိုင်တဲ့ကုမ္ပဏီ၊ သူနဲ့ဆိုင်တဲ့ကုမ္ပဏီမှာ သူကိုယ်တိုင် ဝန်ထမ်းတစ်ဦးအနေနဲ့ ပါဝင်လှုပ်ရှားခွင့်ရတာမို့ အလုပ်အပေါ် ပိုတာဝန်ကျေတယ်။ ကြိုးစားတယ်။ တာဝန်ယူတယ်။ အခုလိုပုံစံရှိတဲ့ အများပိုင်ကုမ္ပဏီတွေကြောင့် ပိုင်ရှင်၊ ဝန်ထမ်းခွဲခြားမှုဟာ အခြေအနေတစ်မျိုးဖြစ်လာပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုမျိုးစုံ အကောင်အထည်ဖော်နေချိန်မှာ အများပိုင်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုဟာ အလွန်အရေးပါတဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုဆောင်ရွက်ရာမှာ ပုံသဏ္ဍာန်ပြောင်းရုံ သက်သက်မဟုတ်ဘဲ အနှစ်သာရ အပြည့်အဝနဲ့ဖြစ်ဖို့ လိုအပ်လျက်ရှိပါတယ်။ အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုဟာ စီးပွားရေးရှုထောင့်တစ်ခုတည်းသာမက လူမှုရေးရှုထောင့်၊ နိုင်ငံရေးရှုထောင့်မှာလည်း အရေးပါကြောင်း တင်ပြအပ်ပါတယ်။ ။

ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဖွင့်

ပုသိမ် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မြို့တော်ခန်းမ၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဝန်ကြီးများ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဟာဌာန ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ တော်ဝင်ဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကျောင်းပြင်ပမူလတန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆရာကျောင်းသား ကျောင်းသူများနှင့်ပညာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပမူလတန်းပညာရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်က အခမဲ့သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဟာဌာန ဥက္ကဋ္ဌ ဦးသန်းဦးနှင့်တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းတို့က ကျောင်းပြင်ပမူလတန်းပညာရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ကျောင်းပြင်ပမူလတန်းပညာရေး အလှူရှင်များကိုယ်စား တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားကာ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိကြသူများနှင့်ထူးချွန်သော သင်တန်းသားများ၊ အထက်တန်း၊ အလယ်တန်းအဆင့်ဆင့် ဆက်လက်တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်း

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် သာသနာရေးရာနှင့် ဝိနိစ္ဆယရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ပြန်လည်ရှင်းလင်း

ယင်းနောက် သတ္တမအကြိမ် စတုတ္ထလေးလပတ် နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးသည်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့်ပညာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂဓမ္မက အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သာသနာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက “ဇယန္တော ဗောဓိယာမူလေ” အစချီ(၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ကြည်ညို

ယနေ့ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား ယနေ့တစ်နေ့တာအတွက် ဆွမ်းခဲဖွယ်ဘောဇဉ်များအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန်ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက (၁၂)ကြိမ်မြောက် ကောင်းမှုအဖြစ် လှူဒါန်းကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာပြီးစီး

နေပြည်တော် ဇူလိုင် ၆

(၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** ကျောက်စိမ်းအတွဲ အမှတ် ၇၃၈၁ မှ ၇၄၅၄ အထိ စုစုပေါင်း ကျောက်စိမ်းအတွဲ ၇၄ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ပြပွဲသည် နောက်ဆုံးနေ့ဖြစ်၍ မဏိရတနာကျောက်စိမ်းခန်းမ၌ ကြမ်းခင်းဈေးသတ်မှတ်ပြီး ရောင်းချရန် ကြေညာထားသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိသည့် ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည့်အပြင် ခန်းမအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ကျောက်စိမ်းကျောက်မျက် အချောထည်ဆိုင်များနှင့် လက်ဝတ်ရတနာဆိုင်များ၌လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်း၊ ကျောက်မျက် အစရှိသည့် မြန်မာ့တွင်းထွက်ရတနာများကို ရေရှည်ထုတ်လုပ်နိုင်ရေးနှင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ရေးတို့အတွက် အရိုင်းတုံးများအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြင့်အချောထည်များ တိုးချဲ့ထုတ်လုပ်ရောင်းချရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်က နေပြည်တော်၌ ရွှေကြာပင်ကျောက်မျက်အချောထည်ဈေး ဖွင့်လှစ်၍ ကျောက်စိမ်း၊ ကျောက်မျက်အစရှိသည့် မြန်မာ့တွင်းထွက်ရတနာများကို တန်ဖိုးမြင့် အချောထည်များအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မိုးလူးတွင် GSM ဖုန်းလိုင်းများ ပြတ်တောက်ပြီး ဆက်သွယ်ပြောဆိုမရဖြစ်နေ

မော်လူး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် GSM ဖုန်းလိုင်းများ ပြတ်တောက်မှုဖြစ်ပြီး ဆက်သွယ်ပြောဆို၍ မရဖြစ်နေသည်မှာ ခုနစ်ရက်ခန့် ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

မော်လူးရှိ GSM ဖုန်းလိုင်းများ ပြတ်တောက်မှုဖြစ်ပြီး ဆက်သွယ်ပြောဆိုမရသည်မှာ ဇွန် ၃၀ ရက်မှ ယနေ့တိုင်ဖြစ်ကြောင်း၊ GSM ဖုန်းလိုင်းများပြတ်တောက်မှုကြောင့် ဒေသခံပြည်သူများ ဆက်သွယ်ပြောဆိုမှုများတွင် အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း၊ တာဝန်ရှိသူများက ပြည်သူများအား အသိပေးကြေညာချက် တစ်စုံတစ်ရာ ထုတ်ပြန်ပေးခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများက GSM ဖုန်းလိုင်းများ ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း မော်လူးဒေသခံပြည်သူများထံမှ သိရသည်။

(၁၇၁)

မုံရွာမြို့ ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇူလိုင် ၄ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗောဓိတစ်ထောင်စေတီတော်နှင့်မိုးညှင်းသမ္ဗုဒ္ဓေဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်အတူ The Win Unity Resort Hotel ၌ ဇူလိုင် ၅ ရက် နံနက်ပိုင်းက မုံရွာမြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဖိုလ်ဝင်တောင်ဒေသသို့ ပြည်တွင်းပြည်ပခရီးသည်ရောက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာသည်ကိုတွေ့ရှိရကြောင်း၊ မကြာခင်ကာလတွင် ခရီးစဉ်အသစ်များ တိုးချဲ့ဖော်ထုတ်မည်ဖြစ်ရာ ယခုထက်ပိုမိုလာရောက်မည့် အလားအလာများရှိကြောင်း၊ ထို့အပြင် ဟန်လင်း၊ ပျူယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ အလောင်းတော်ကဿပ ဒေသများသည် ပြည်ပဧည့်သည်များ ပိုမိုစိတ်ဝင်စားလာမည့်နေရာများ ဖြစ်ကြောင်း၊ ထို့အတွက် ရွှေဘို၊ မုံရွာမြို့များ၌ ဟိုတယ်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ တိုးတက်လာစေရန် ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များ အတူပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်များက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာဖိုလ်ဝင်တောင်သို့သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူလတန်းကျောင်းဆောင်သစ်များပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ပျဉ်းမနား ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာကန်တော်ခန်းမ၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက စိုးလျှပ်စစ်မိသားစုက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာမူလတန်းကျောင်း လေးကျောင်းကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးက အမှာစကားပြောကြားပြီး ကျောင်းလွှဲပြောင်းပေးအပ်ပွဲတွင် စိုးလျှပ်စစ်ဖောင်ဒေးရှင်း (တက္ကသိုလ်ပညာထောက်ပံ့ကြေး)သို့ အလှူငွေကျပ် သိန်းသုံးရာကို ထပ်မံလှူဒါန်းသည်။ ဆက်လက်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၂၅ ဦးကို ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။ ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ခြောက်ဘာသာဂုဏ်ထူးရှင် မဥုဝေနောင်က ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကျောင်းလေးကျောင်း၌ ပညာသင်ကြားနေသော ဆရာ ဆရာမများအတွက် ဝတ်စုံများကို ကျောင်းအုပ်ဆရာ ဆရာမကြီးများထံသို့ ပေးအပ်သည်။ အလှူရှင် ဦးစိုးတင့်နှင့်ဇနီး ဒေါ်ရီရီတို့က ပျဉ်းမနားမြို့ သံဃာ့ဘေသဇ္ဇာဌာနဝိဟာရ သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် သိန်း ၅၀၀ နှင့် သိန်း ၂၅၀ တန်ဖိုးရှိ (150 KVA) မီးစက်တစ်လုံးကို သံဃာ့ဆေးရုံသို့ လှူဒါန်းရာ ဆေးရုံဥက္ကဋ္ဌ ဦးမြင့်စိုးက လက်ခံယူခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာဆရာမကြီးများ၊ ပညာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

ပြည်တွင်းသတင်း

ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုစနစ် တိုးတက်စေရေး ညှိနှိုင်းဆွေးနွေးရန်လိုအပ်

ရန်ကုန် ဇူလိုင် ၆

၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှော ဖလှယ်ပွဲ အခြေခံပညာကဏ္ဍဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဒေါက်တာအောင်ကျော်မြတ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ ဖြစ်ကြသော ဦးဉာဏ်ထွန်းဦး၊ ဒေါ်စန်းစန်းနွယ်နှင့် ဦးဇော်အေးမောင်၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီအကြံပေးအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေး မြှင့်တင်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ဝင်များ၊ ဦးစီးဌာနများ၊ ပညာရေးတက္ကသိုလ်များ၊ ဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပညာရေးကောလိပ်များမှ ဆွေးနွေးပွဲကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(အပေါ်ပုံ)** က အမှာစကားပြောရာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်က လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွင် ပညာရှင်များ၊ Stakeholder များ ဆွေးနွေးပြီး ဖော်ထုတ်ချက်ရလဒ် ၁၉ ချက်မှ ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကိုဖွံ့ဖြိုးစေသည့် သင်ကြားသင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုစနစ် တိုးမြှင့်ကျင့်သုံးရန်ဖြစ်သည့် အချက်ပါဝင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ကောင်းမွန်အားသာသည့် အချက်များကို ပြုပြင်ပြောင်းလဲစရာမလိုသော်လည်း အလွတ်ကျက်မှတ်ခြင်းအလေ့အထမှ စဉ်းစားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ရှိလာအောင် ကျောင်းသားဗဟိုပြုသင်ကြားသင်ယူမှု (Child Centred Approach) နှင့် စစ်ဆေးအကဲဖြတ်မှုစနစ်ကို သိသာစွာ တိုးတက်စေရန်အတွက် ဆောင်ရွက်သင့်သည့်အစီအမံများကို နှီးနှောဖလှယ်ပွဲက ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲရလဒ် အကြံပြုချက်များနှင့်အညီ အခြေခံပညာ ဆရာ ဆရာမများ အပိုင်းတွင် သွားလာနေထိုင်ရေး အဆင်ပြေစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခန့်အပ်ရေး၊ ပြောင်းရွှေ့ရေးမူဝါဒများနှင့် ရာထူးတိုးမြှင့်ရေးတွင် Performance Based /Result Based စနစ်ကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့်မြို့ရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ ပူးပေါင်းပြီး ပညာရေးကဏ္ဍမြှင့်တင်ရေး ပူးပေါင်းလုပ်ဆောင်သည့်အစီအမံများ၊ ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် ဆရာအတတ်သင်ကောလိပ်များကို မွမ်းမံပြီး ဆရာအတတ်ပညာကျွမ်းကျင်မှု Teacher Competency ကောင်းအောင် ဆောင်ရွက်သင့်သည့် အစီအမံများ၊ မူဝါဒနှင့်အခြေခံပညာဥပဒေ၊ ကိုယ်ပိုင်ကျောင်းဥပဒေ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ စီမံကိန်းတို့ကို နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးအကြံပြုရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်ငါးရပ်ဖြင့် အကောင်အထည်ဖော်မည့် အစီအမံများကို ဆွေးနွေးပေးကြရန် တာဝန်သိမှုတာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းတို့ဖြင့် ပညာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးနှင့် အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူတို့၏ ဆန္ဒအမြင်ရယူခြင်းနှင့် တာဝန်သိမှုတာဝန်ယူမှုရှိရေး၊ စွမ်းဆောင်ရည်ထိရောက်မှုရှိရေး၊ လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် ခိုင်မာသည့် ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိရေး၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ အဂတိနှင့် ဘက်လိုက်မှုကင်းရေးတို့ကို အလေးထား ဆွေးနွေးကြရန် ပြောကြားသည်။

ယနေ့ကျင်းပသည့် (အခြေခံပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲသို့ ပညာရေးနယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၄၀၀ တက်ရောက်ကြပြီး ဇူလိုင် ၇ ရက်အထိ စာတမ်းများဖတ်ကြားခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ ဆွေးနွေးရရှိချက်များကို တင်ပြခြင်းနှင့် အတည်ပြုခြင်းစသည့် အစီအစဉ်များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

တောင်ငူ ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း မိသားစုသားသမီးများ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ခြင်း အခမ်းအနားကို တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူ ၄၈ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၃၀၅၀၀၀ နှင့် ကျန်းမာရေးအတွက် ဆေးကုသခံယူသည့် ဝန်ထမ်းမိသားစုဝင် သုံးဦးတို့အား ငွေကျပ် ၄၅၀၀၀ စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကျောင်းသား ကျောင်းသူနှင့် မိသားစုဝင် ၁၂၀ တို့တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၁၅)**

နမ့်ခမ်းမြို့နယ်၌ နွေစပါး(ပုလဲသွယ်)စံပြကွက်ရိတ်သိမ်း

လားရှိုး ဇူလိုင် ၆

နမ့်ခမ်းမြို့နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၄၉၅၀ စိုက်ပျိုးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါး ၁၄၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ မြို့မအမှတ်(၁၁) ရပ်ကွက်တွင် တောင်သူပညာပေး နွေစပါးစံပြကွက် ဧက ၅၀ စိုက်ပျိုးခဲ့ပြီး ကွင်းအမှတ်(၆၇)၊ဦးပိုင်(၈) တောင်သူဦးပန်းကျော်၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့သော ပုလဲသွယ် စိုက်ခင်း လေးဧကတွင် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကိုဆောင်ရွက်ခဲ့ရာ စံကွက်ရိတ်သိမ်းမှုအရ ပုလဲသွယ်စပ်မျိုးစပါးတစ်ဧကေ အစိုတင်း ၂၉၀ ဒသမ ၁၄ တင်း၊ အခြောက်တင်း ၂၄၆ ဒသမ ၆၂ တင်းထွက်ရှိခဲ့သည်။ အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများတက်ရောက်ခဲ့ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က အဆိုပါတောင်သူအား ဓာတ်မြေဩဇာများ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

လူငယ်လူရွယ်များအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရရှိ

ကျေးရွာအခြေပြု စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသော မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့က မိတ္ထီလာမြို့နယ်အတွင်းရှိ ဝန်ဇင်းဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃၁ ဒသမ ၃၄ သိန်း၊ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၀ ဒသမ ၁၀ သိန်း၊ မေတ္တာရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ်သိန်း ၇ ဒသမ ၅၀၊ ရွှေ့ဆောင်မျက်မမြင်ကျောင်းအတွက် ငွေကျပ် ၂၄ ဒသမ ၈၂ သိန်း၊ မလှိုင်မြို့နယ်အတွင်းရှိ မလှိုင်ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သိန်း ၅ ဒသမ ၄၀၊ ထန်းတောကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၃၅ ဒသမ ၇၂ သိန်း၊ သာစည်မြို့နယ်အတွင်းရှိ ရွှေစည်တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၆၅ ဒသမ ၆၅ သိန်း၊ မိတ္ထီလာခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်းအတွက် ငွေကျပ်သိန်း ၉၀၊ ပျော်ဘွယ်မြို့နယ်အတွင်းရှိ သစ်ပန်းကန်ပင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက်

ငွေကျပ် ၄၁ ဒသမ ၅၆ သိန်း၊ ရမည်းသင်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း စုစုပေါင်းငွေကျပ် သိန်းပေါင်း ၃၅၄ ဒသမ ၀၉ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့ခဲ့သည်။ ထို့နောက် ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း (၇/၂၀၁၄)ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ဆင်းရဲချမ်းသာမရွေး၊ ပညာတတ်မတတ်မရွေး၊ လူတန်းစားမရွေး လူငယ် လူရွယ်များ၏ လုပ်ဆောင်ချက်အခန်းကဏ္ဍများသည် အရေးကြီးလှပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ဘက်စုံလူရည်ချွန်စီမံကိန်း၊ ကင်းထောက်လူငယ်စီမံကိန်း၊ ထူးချွန်ကြက်ခြေနီစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း လူငယ်လူရွယ်များအားလုံး ပါဝင်ဆောင်ရွက်ခွင့် ရရှိအောင် ရပ်ကွက်၊ ကျေးရွာအခြေပြုနည်းလမ်းနဲ့ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များစီမံကိန်းတို့ကို ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ပြောင်းလဲလာသည့် ခေတ်သစ်၊ စနစ်သစ်နှင့်အညီ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်းတို့ကို ရှင်းလင်းတင်ပြပြီး စေတနာ့ဝန်ထမ်းလူငယ်တို့ကို နည်းပြသင်တန်းဖွင့်လှစ်နေမှုတို့အား ကြည့်ရှု၍ လူငယ်မောင်မယ်များကို အားပေးစကားပြောကြားသည်။

စေတနာ့ဝန်ထမ်း လူငယ်များအတွက် နည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၄)မှ (၆/၂၀၁၄)အထိကို ဧရာဝတီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ခရိုင်များအားလုံးနှင့် တောင်ငူခရိုင်၊ ပဲခူးခရိုင်တို့မှ ကျေးရွာစုစုပေါင်း ၂၀၀ မှ လူငယ်မောင်မယ် စုစုပေါင်း ၆၀၀ ကျော်ခန့်ကို သင်တန်းများပို့ချခဲ့ပြီး ဆင့်ပွားသင်တန်းများလည်း ပို့ချနေပြီဖြစ်သည်။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ နည်းပြသင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စက်ရုံအနေဖြင့် ထုတ်လုပ်မှုအပိုင်းသာမက ရောင်းချမှုအပိုင်းပါအလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂၃) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး မိမိစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိသော်လည်း ကုန်ကျန်များ ရှိနေရခြင်းမှာ Marketing ပိုင်း အားနည်းနေသည်ဟု သုံးသပ်ရသဖြင့် Marketing Strategy ကို အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်တွင်းပြည်ပကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ထုတ်လုပ်မှုအပိုင်းသာမက ရောင်းချမှုအပိုင်းပါ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)သည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော Machine Tools (စက်ကိရိယာ)များ၊ ထရန်စဖော်မာများ၊ PVC Wire ကြိုးများ၊ Enamelled Copper Wire များ၊ Bare Copper Wire များ၊ Power Cable များ၊ ကြေးရည်ကျိုကြေးချောင်းနှင့် ကြေးကြိုးအမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ Myanmar Double Cab နှင့် Myanmar Single Cab ကားများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)သို့ ရောက်ရှိပြီး စက်ရုံအတွင်း မော်တော်ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုနှင့် ဈေးကွက်ဖြန့်ချိရန် အသင့်ဖြစ်နေသည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)ကို ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ထုတ်လုပ်မှုလုပ်ငန်းများကို ၁၉၇၄ ခုနှစ်မှစတင်ခဲ့ရာ ထိုစဉ်က ဂျစ်ကားများ၊ B600 ယာဉ်များ ၊ GS 70 Engine များ၊ Piston & Piston Ring များကို ထုတ်လုပ်ခဲ့ပြီး ယခုအချိန်တွင် Myanmar Double Cab, Myanmar Single Cab, Myanmar Spot Utility Vehicle များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❊ *ကျော်ဖုံးမှ*

လူငယ်ဘောလုံးပွဲတော်ကို ပြိုင်ပွဲခြောက်ခု ကျင်းပမည်ဖြစ်ပြီး ယနေ့တွင် အရှေ့ပိုင်းခရိုင်(က) ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ဇူလိုင် ၂၇ ရက်တွင် အရှေ့ပိုင်းခရိုင်(ခ) ပြိုင်ပွဲ၊ ဩဂုတ် ၃ ရက်တွင် အနောက်ပိုင်းခရိုင်(က) ပြိုင်ပွဲ၊ ဩဂုတ်၁၇ ရက်တွင် အနောက်ပိုင်းခရိုင်(ခ)ပြိုင်ပွဲ၊ ဒီဇင်ဘာ ၇ ရက်တွင် တောင်ပိုင်းခရိုင်ပြိုင်ပွဲ၊ စက်တင်ဘာ ၂၁ ရက်တွင် မြောက်ပိုင်းခရိုင်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

❖ *ကျော်ဖုံးမှ*

ရောဝတီအသင်းသည် ကွာတားဖိုင်နယ်တွင် ဇွဲကပင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

(ပဒုမ္မာကွင်း)

ဟံသာဝတီ - တစ်ဂိုး ချီကာ

Horizon - ဂိုးမရှိ

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် ချင်း-မနောမြေပွဲစဉ်ကို ရခိုင်အသင်းရန်ပုံငွေပွဲကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

ဆောက်သမ် - ရတနာပုံ

(စလင်းကွင်း)

ချင်းယူနိုက်တက် - မနောမြေ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဆွေးနွေးပွဲတက်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အခြေခံပညာရေးကဏ္ဍ၏ ပညာရေးမြှင့်တင်မှုနှင့် စပ်လျဉ်း၍ . . .

မေးရေး-ခင်ချိုဝင်း၊ ဓာတ်ပုံ-ရဲထွဋ်

ရန်ကုန် ဇူလိုင် ၆

ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပညာရေးကဏ္ဍအနေဖြင့် စွမ်းအားမြှင့်ပါဝင်နိုင်ရေးကို ရည်ရွယ်ကာ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှု ဆွေးနွေးပွဲများကို ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။ ပညာရေးနှီးနှောဖလှယ်ပွဲများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် အခြေခံပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပခဲ့သည်။

ယင်းတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်သိရှိရန် မြန်မာ့သတင်းစဉ်အဖွဲ့က တာဝန်ရှိသူအချို့အား မေးမြန်းမှုကိုဖော်ပြလိုက်ပါသည်-

ဒေါက်တာခင်မျိုးမြင့်ကြူ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)

"ဒီဆွေးနွေးပွဲမှာ ဖတ်ကြားမယ့် စာတမ်းအားလုံး ငါးခုရှိပါတယ်။ ဆွေးနွေးမယ့် အကြောင်းအရာက တစ်ခုရှိပါတယ်။ အခု နိုင်ငံတော် အကောင်အထည်ဖော်တဲ့အခါမှာ ပြုပြင်ပြောင်းလဲမှုက ပထမအဆင့်၊ ဒုတိယအဆင့်နဲ့ အခုတတိယအဆင့် အရှိန်မြှင့်တင်မှုကို ရောက်လာပါပြီ။ ဒါနဲ့ပတ်သက်ပြီးတော့ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်ငါးရပ် ပညာရေးကဏ္ဍမှာ ရှိပါတယ်။

အဲ့ဒီအကြောင်းကို ဒီနေ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူကြိုဟာ အရေးကြီးဆုံးပါ။ ဘာဖြစ်လို့လဲဆိုရင် ကလေးတွေ ငယ်ရွယ်စဉ်မှာ ပညာပေးရင် အကျိုးကျေးဇူး ကြာကြာရတယ်။ ဥပမာ-အသက် ၂၀ ရောက်မှ ပညာပေးရင် အနှစ် ၂၀ က ပြုန်းတီးသွားပြီ၊ ကလေးတွေက မွေးကင်းစကတည်းက သင်ယူကြတယ်။ သင်ယူမှုစနေတဲ့အချိန်မှာ သူ့ရဲ့ လက်ဦးဆရာမိဘတွေက ပြုစုပျိုးထောင်မှုမှန်ခဲ့မယ်ဆိုရင် ဒီကလေးတွေဟာ မှန်ကန်တဲ့ ဖွံ့ဖြိုးမှုတွေလည်းရလာမယ်။ မိဘလက်ထဲကနေပြီးတော့ မူကြိုဆရာတွေရဲ့လက်ထဲကို ရင်ခွင်ပြောင်းလာတဲ့အခါ အဲဒီအချိန်မှာ မှန်ကန်တဲ့ ဖွံ့ဖြိုးမှုတွေရခဲ့မယ်ဆိုရင် ဘက်ပေါင်းစုံက အဖွံ့ဖြိုးဆုံးအချိန်ဖြစ်တဲ့အတွက် အကောင်းဆုံးဖွံ့ဖြိုးမှုတွေရမယ်။ မူကြိုကလေးတွေရဲ့ဘဝက သာယာလှပလာမယ်။ ဒါ့အပြင် နိုင်ငံတော်အတွက် အားကိုးလောက်တဲ့ လူသားအရင်းအမြစ်တွေ ရလာမှာပါ"ဟု ပြောကြားသည်။

ဦးညွန့်ရွှေ (ညွှန်ကြားရေးမှူး-စီမံ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန)

"အခု ပညာရေးစနစ်က သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းလို့ ပြောတာ၊ အမှန်ကတော့ နိုင်ငံတကာမှာဆိုရင်တော့ သူငယ်တန်းက သူငယ်တန်းသပ်သပ်ပဲ။ Grade-I ကနေ Grade-XII အထိရှိတယ်။ အဲ့ဒီပညာရေးစနစ်က မရောက်ဘူးဖြစ်နေတယ်။ အဲ့ဒီစနစ် မရောက်သရွေ့ အပြည်ပြည်ဆိုင်ရာ အဆင့်မမီဘူး။ လောလောဆယ် အဲ့ဒီဟာကို ဒီပြုပြင်ပြောင်းလဲရေး တတိယအဆင့်အနေနဲ့ ပြောင်းလဲဖို့ လုပ်ရတယ်။

နံပါတ်(၁) အချက်ကတော့ သင်ကြားနည်းစနစ်ကို ထိထိရောက်ရောက်နဲ့ သင်ကြားနိုင်တဲ့စနစ်ဖြစ်ဖို့၊ (၂)က အဲဒီသင်တန်းကနေ ပို့ချလိုက်တဲ့ သင်တန်းဆင်းတွေဟာ မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းပေါင်း ၄၃၀၀၀ လောက်ရှိတဲ့ အဲဒီ

ကျောင်းတွေမှာ ဆရာအင်အား ဖြည့်တင်းဖို့ ဒါတွေက အရေးကြီးတယ်။ အဲ့ဒါတွေကို တွက်ချက်ပြီးမှ မဖွင့်ဘဲနဲ့ ပုံသေကားကျ ဖွင့်နေမယ်ဆိုရင် ဒီစနစ်က ကျောင်းသားတွေက များလာမယ်။ ကျောင်းတွေက များလာမယ်။ ဆရာအင်အား မတိုးတက်ဘူးဆိုရင် အဲဒီမှာ ကွာဟချက်တွေဖြစ်သွားမယ်။ ဒါကြောင့်မို့ နောက်ထပ်ခန့်စရာလိုအပ်နေသေးတဲ့အတွက် ပင်စင်ယူပြီးသားတွေကိုတောင်မှ ခန့်ဖို့ ပြန်လုပ်နေရတဲ့ အခြေအနေဖြစ်နေပြီ။

နောက်တစ်ချက်ကတော့ လက်အောက်ကို စီမံခန့်ခွဲခွင့်ပေးတာနဲ့ ပတ်သက်ပြီး ဟိုတုန်းက ဗဟိုက ခိုင်းတာကိုပဲ လုပ်ရတဲ့စနစ်ကနေပြီးတော့ အောက်ခြေရဲ့လိုအပ်ချက်၊ ဥပမာ ကျောင်းသားမိဘ၊ ကျောင်းသားရဲ့ လိုအပ်ချက် အဲဒီလိုအပ်ချက်တွေ အားလုံးကို ပြန်လည်ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် လက်အောက်ကို စီမံခန့်ခွဲခွင့်ပေးရမယ်။ လောလောဆယ် အခုတစ်နိုင်ငံလုံး ကျောင်းပေါင်းလေးသောင်းကျော် အားလုံးကို ဘတ်ဂျက်နဲ့ပတ်သက်တဲ့၊ ငွေကြေးသုံးစွဲမှုနဲ့ပတ်သက်တဲ့၊ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ နည်းပညာ တစ်နိုင်ငံလုံး ပေးပြီးပြီ။ ဒါပေမယ့် စီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ နည်းစနစ်တွေ ပေးဖို့လိုအပ်တယ်။

ဒီစီမံခန့်ခွဲမှု နည်းပညာတွေအတွက် သင်တန်းဖွင့်ရမယ်။ ဆွေးနွေးပွဲပြောလိုက်၊ စာတမ်းလေးဖတ်လိုက်နဲ့ ပြုပြင်လို့မရဘူး၊ လူကိုပြုပြင်တဲ့သင်တန်း ဖွင့်ကိုဖွင့်ရမယ်။ ဥပမာအားဖြင့် ကျောင်းအုပ်လုပ်မယ်ဆိုရင် ကျောင်းအုပ်မဖြစ်ခင် သင်တန်းပို့ကို ပို့ချရမယ်။ အဲဒီကမှ မတတ်ဘဲနဲ့ အရည်အချင်း အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး လုပ်ခွင့်မပေးဘူးဆိုရင် မြန်မာနိုင်ငံရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုဟာ တိုးတက်ပြောင်းလဲသွားနိုင်တယ်။

အခုပြုပြင်ပြောင်းလဲချင်တာက Performance Based နဲ့ Result Based အဲဒီစနစ်ရဖို့ သင်တန်းဖွင့်ကိုဖွင့်ရမယ်။ သင်တန်းဖွင့်ပြီးတော့ Quality မရှိတဲ့လူကို ခန့်ကိုမခန့်ရဘူး။ ဒါကြောင့် Capacity Building ရှိတဲ့ Training Centre ရှိကိုရှိရမယ်။ အဲဒီသင်တန်းတွေကို မဖြစ်မနေ ဖွင့်မယ်လို့ပြောတယ်။"

ဦးဉာဏ်ထွန်းဦး (ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး)

ပညာရေးကဏ္ဍမှာ အရေးကြီးဆုံးက အင်္ဂလိပ်နဲ့ IT ပဲ။ ပညာရေးဝန်ကြီးဌာနကလည်း အင်္ဂလိပ်စာကို တော်တော်လေး ဇောင်းပေးပြီး ကြိုးစားလုပ်နေတယ်။ သို့သော်လည်း IT ကို မေ့နေတယ်။ IT classes တွေကို သင်စေချင်တယ်။ တချို့က ပြောမယ်၊ IT ခေတ်ရောက်သွားလို့ရှိရင် Internet, Facebook တွေ တတ်မယ့် ကလေးတွေက ဘာဖြစ်မယ်၊ ညာဖြစ်မယ် ပြောကြတယ်။

ဒါကတော့ မိဘနဲ့ ကျောင်းဆရာ ဆရာမတွေထိန်းရမယ်။ ကလေးကလည်း ကိုယ့်ပညာကိုယ်ထိန်းရမယ်။ ကိုယ့်အတွက် ပညာရမယ့်ဟာ ကြည့်ပြီး ပညာမရမယ့်ဟာ မကြည့်နဲ့ပေ့ါ။ မိဘရယ် ဆရာ ဆရာမတွေရယ်က ပညာပေးပို့ချရမယ်။ ကြပ်မတ်ကွပ်ကဲရမယ်။ ဒါဆို ကလေးတွေ လမ်းကြောင်းတည့်သွားရင် ကိုယ့်ဟာကိုယ် ဗဟုသုတပညာရှာချင်တဲ့ စိတ်လေးတွေ ပေါက်လာမယ်။ အခု ဘာအားနည်းချက်မြင်လဲဆိုတော့ ကျောင်းအုပ်ဆရာ ဆရာမကြီးတွေက ကွပ်ကဲအုပ်ချုပ် စီမံခန့်ခွဲတာနည်းနည်းလေး

အားနည်းကြတာပေါ့။ ဒါလေးတွေကို ကောင်းအောင် ဘာလုပ်ရမလဲဆိုရင် ကျောင်းအုပ်တွေ ထားပြီးတော့ ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်တွေကို နိုင်ငံတော်က သင်တန်းပို့ချရမယ်။

ဦးကိုကိုတင် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)

နိုင်ငံတော်အနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ပညာရေးကဏ္ဍဟာ အဓိကအကျဆုံးဖြစ်ပြီးတော့မှ လက်တွေ့ကျတဲ့ ပြုပြင်ပြောင်းလဲမှုကို မဖြစ်မနေ ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် အခုလို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာနဲ့ ပတ်သက်လို့ မိဘပြည်သူတွေရော၊ ပညာရေး စေတနာရှင် အလှူရှင်တွေပါ အကုန်လုံးက တစ်နိုင်ငံလုံးက ဝိုင်းဝန်းပူးပေါင်းပြီးတော့မှ ဒါ ပါဝင်ဆောင်ရွက်သင့်တယ်ဆိုတာလေးကိုတော့ မိဘပြည်သူတွေကို အသိပေးလိုပါတယ်။ အကုန်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမယ်လို့ မျှော်လင့်ပါတယ်။

အဓိကအားဖြင့်တော့ ကျောင်းသား ကျောင်းသူရယ်၊ ဆရာရယ်၊ မိဘရယ် ဝိုင်းဝန်းပံ့ပိုးပေးမယ့် စေတနာရှင် အလှူရှင်တွေ အကျိုးဆောင်အဖွဲ့တွေ လူမှုရေးအသင်းအဖွဲ့တွေလည်းပဲ အမြန်ဆုံးနဲ့ အတတ်နိုင်ဆုံး နီးနီးကပ်ကပ် အပြန်

အလှန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍဟာ သိသိသာသာကြီးကို အရှိန်အဟုန်နဲ့ တိုးတက်မြင့်မားလာမယ်လို့ ပြောကြားလိုပါတယ်။

❊ *ကျော်ဖုံးမှ*

နောက်တစ်ပွဲဖြစ်သည့် စောဂေါ်မူဒို(သတ္တိ)နှင့် ဖာခေါ်တို့ပွဲတွင် စောဂေါ်မူဒို၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့် ဖာခေါ် ပထမအချီ၌ပင် ပြိုလဲခဲ့ပြီး စောဂေါ်မူဒိုက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ သတ္တိအောင်(တောင်ကလေး)နှင့် ဖူထိုင်းတို့ပွဲကလည်း စတုတ္ထအချီ၌ သတ္တိအောင်၏ ခေါင်းတိုက်ချက်ဖြင့် ဖူထိုင်းကို အလဲထိုးအနိုင်ရရှိသွားသည်။ တစ်ဖန် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် နက်တဒက်ပွဲတွင် ပထမအချီ၌ တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲ စောင့်ထိုးကာ ဒုတိယအချီတွင် သပြေညို၏ ညာလက်သီးကြောင့် နက်တဒက် အနားတောင်းခဲ့ရပြီး တတိယအချီတွင် သပြေညို၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့် နက်တဒက် အနားသုံးကြိမ်တောင်းခံရကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ သပြေညို အလဲထိုးအနိုင်ရရှိသွားသည်။

တူးတူး(နဂါးမာန်)နှင့် ခရွန်တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီ၌ တူးတူး ဘယ်ညာလက်သီးတွဲလုံးများ တရစပ်ထိုးကာ ခရွန်အမှားမခံဘဲ တိမ်းရှောင်ခဲ့ရသည်။ လက်ဝှေ့သမ္မာရင့်သည့် ခရွန်မှာ တူးတူးလက်သီးတွဲလုံးများကြောင့် ပဉ္စမအချီ၌ အမှတ်စဉ်ရေတွက်ခံရပြီး ဆက်လက်ထိုးသတ်ခဲ့ရာ အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ပါဝိတို့ပွဲက ပရိသတ်အကြိုက် ထိုးသတ်ခဲ့သော်လည်း သရေဖြစ်ခဲ့သည်။ နောက်ဆုံးပွဲဖြစ်သည့် ထွန်းထွန်းမင်း(မုဒုံသား)နှင့် ဝီရာပိုလ်တို့ပွဲတွင် ထွန်းထွန်းမင်း၏ ဒူးတိုက်ချက်များ၊ လက်သီးတွဲလုံးများကြောင့် တတိယအချီ၌ ဝီရာပိုလ် အလဲထိုးခံရသဖြင့် ထွန်းထွန်းမင်း အနိုင်ရရှိသွားသည်။

ရေးမြို့ ရော်ဘာမှိုင်းခံရုံ၌ မီးလောင်မှုဖြစ်

ရေး ဇူလိုင် ၆

ဇူလိုင် ၆ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်(၇)လမ်း အမှတ်(၁၃)နေ ဦးသိန်းဇော် (၄၁ နှစ်) တူးမြောင်းကျေးရွာအုပ်စု သံမဂါခြံစုရှိ ရော်ဘာမှိုင်းခံရန် အလုပ်သမားအောင်မျိုးမင်း (၁၈ နှစ်) မှိုင်းရုံမီးထိုးလုပ်သားသပြေစမ်းကျေးရွာ မြို့သစ်မြို့နယ် မကွေးတိုင်းဒေသကြီးနေသူအား ငှားရမ်းတာဝန်ပေးအပ်ခဲ့ရာ မှိုင်းမီးကို ပေါ့ဆစွာ အသုံးပြုခဲ့၍ မှိုင်းရုံအတွင်းရှိ ရော်ဘာပြားများမှ စတင်မီးလောင်ကျွမ်းခဲ့ရာ ရော်ဘာပြားပေါင် ၁၀၀ ကာလတန်ဖိုးငွေကျပ် ၅၅၀၀၀ ခန့် ဆုံးရှုံးသွားခဲ့ပြီး မီးမှာ ညနေ ၄ နာရီ ၁၀ မိနစ်၌ ငြိမ်းသွားခဲ့သည်။

ဝိုင်းဝန်းငြိမ်းသတ်

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ခလရ(၆၁)မှ စစ်သည်များ၊ သန္တေတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ၊ ဒေသခံပြည်သူများပါ မီးသတ်ယာဉ်ကားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြကြောင်း သိရသည်။

(အပေါ်ပုံ) **နေမျိုးထွဋ်(ရေး)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

Development Plan နှင့် Master Plan များ ထားရှိရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၅ ရက် နံနက် ၉ နာရီက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသော စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ Development Plan နှင့် Master Plan များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အစိုးရနည်းပညာကောလိပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအနေဖြင့် ကျောင်းသားကျောင်းသူများ လက်တွေ့အသုံးချနိုင်သည့် ပညာရပ်များကို ပိုမိုသိရှိနားလည်အောင် လက်တွေ့သင်ကြားပေးနိုင်ရေး၊ ကျောင်း၏ စာသင်ခန်း၊ စာသင်ခုံ၊ လက်တွေ့သင်ကြားပေးနိုင်မည့်စက်ပစ္စည်းများနှင့် e-Library များကို ပြည့်မီစွာ ဖြည့်ဆည်းထားနိုင်ရေး Development Plan နှင့် Master Plan များရေးဆွဲရာတွင် Priority ကို ဦးစားပေးစဉ်းစားရေးဆွဲနိုင်ရေးနှင့် ရေရှည်စီမံချက်များထဲတွင်လည်း သက်ဆိုင်ရာဒေသလိုအပ်ချက်များကို အဓိကထားစဉ်းစားဆောင်ရွက်ထားရှိရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ခေတ္တကျောင်းအုပ်ကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်ဖွံ့ဖြိုးရေး ဂျပန်က အမေရိကန်ဒေါ်လာငါးသိန်းကျော်ကူညီ

ရန်ကုန် ဇူလိုင် ၆

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေး ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ငါးသိန်းကျော် ကူညီထောက်ပံ့ခဲ့ကြောင်း ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ကူညီထောက်ပံ့ရေးအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်ကို ဂျပန်နိုင်ငံအစိုးရအဖွဲ့၏ အသေးစားစီမံကိန်းများ ကူညီထောက်ပံ့ရေးအစီအစဉ်အရ ယခုနှစ်အတွင်း ဒေသခံ တိုင်းရင်းသားများအတွက် အဓိက လိုအပ်ချက်များဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာများကို အဆင့်မြှင့်တင်ပေးနိုင်ရန် ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးပိုင်းဆိုင်ရာအနေဖြင့် ချင်းပြည်နယ်ဖလမ်းမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၉၁၇၉၊ ပညာရေးပိုင်းဆိုင်ရာအနေဖြင့် ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃၁၃၇၄၅နှင့် ထန်တလန်မြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၉၆၃၂ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆၂၅၅၆ ကူညီထောက်ပံ့ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခုကဲ့သို့ လျှုဒါန်းထောက်ပံ့မှုကြောင့် ဟားခါးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသားဦးရေ ၁၇၉၈ ဦးနှင့် ထန်တလန်မြို့အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား ၃၈၅ ဦးတို့သည် ကျောင်းပရိဘောဂ၊ ရေအိမ်အပါအဝင် ကျောင်းဆောင်သစ်များဖြင့် သင်ကြားကြရတော့မည် ဖြစ်သည်။ အလားတူ ဖလမ်းမြို့နယ်အတွင်းရှိ ပြည်သူ ၂၄၀၀ ကျော်ကို ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေးမည့် ကျေးလက်ဒေသကျန်းမာရေးဌာနခွဲများသည်လည်း ချင်းပြည်နယ်ဖွံ့ဖြိုးမှု၊ ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ကူညီထောက်ပံ့ရေးအစီအစဉ်သည် ၁၉၉၃ ခုနှစ်မှစတင်ပြီး ယနေ့ထိ မြန်မာနိုင်ငံကို စီမံကိန်းပေါင်း ၈၈၆ ခု ကူညီထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးပိုင်း အဆင့်မြှင့်တင်မှု ၃၁၁ ခု၊ ကျန်းမာရေးပိုင်း အဆင့်မြှင့်တင်မှု ၁၇၅ ခု၊ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်း ၁၃၆ ခုနှင့် ဘက်စုံဖွံ့ဖြိုးမှုကူညီထောက်ပံ့ရေးစီမံကိန်း ၃၁ ခု တို့ကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

နယ်စပ်ရေးရာဝန်ကြီးဌာန
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့

မြန်မာအမျိုးသမီးများ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိလိုသူများနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်ဖွင့်လှစ် လုပ်ကိုင်လိုသူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အောက်ပါကျောင်းများတွင် ခေတ်မီမော်တာအထည်ချုပ်စက်များနှင့် စာတွေ့လက်တွေ့ သုံးလသင်ယူပြီးနောက် အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိသည်အထိ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ သင်တန်းကာလအတွင်း သင်တန်းသူများ၏ နေထိုင်၊ စားသောက်ရေးအတွက် အခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ အမျိုးသမီးများအားလုံး လျှောက်ထားတက်ရောက်နိုင်ပါသည်။

ဆက်သွယ်လိုပါက - ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၃၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အခြေခံ) ဖုန်း-၀၆၇-၄၀၉၂၁၉၊ ညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၄၀၉၀၃၄၊ ညွှန်ကြားရေးမှူး(အိမ်တွင်းမှု) ဖုန်း-၀၆၇-၄၀၉၄၁၇၊ အိမ်တွင်းမှုသင်တန်းကျောင်းများဌာနခွဲ- ဖုန်း-၀၆၇-၄၀၉၄၂၀တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဝန်ကြီးဌာန Website-www.mba.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

စဉ်	အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအမည်	စဉ်ဆက်မပြတ်ဖွင့်လှစ်မည့်သင်တန်းများ					
		အဆင့်မြင့်စက်ချုပ်သင်တန်း	ကာလ	စားစရိတ် အဆောင်	သင်တန်းစရိတ် သင်ထောက်ကူပစ္စည်း	သင်တန်းဆင်း လက်မှတ်အဆင့်	သင်တန်း ဖွင့်လှစ်မည့်ရက်
၁	ဗဟိုလေ့ကျင့်ရေးကျောင်း မြောက်ဒဂုံ၊ (၅၁)ရပ်ကွက်၊ ရန်ကုန်မြို့	အဆင့်မြင့်စက်ချုပ်သင်တန်း	၈ ပတ်	အခမဲ့	အခမဲ့	ဌာနအသိအမှတ်ပြု Certificate	၁-၈-၂၀၁၄
၂	ဖန်းမော်၊ လားရှိုး၊ ကျိုင်းတုံ၊ လွိုင်ကော်၊ ဘားအံ၊ မုဒုံ၊ မြိတ်၊ မောင်တော၊ ဟားခါး၊ ပခုက္ကူ၊ ယင်းမာပင်	အခြေခံအိမ်တွင်းမှုနှင့်စက်ချုပ်သင်တန်း အဆင့်မြင့်စက်ချုပ်သင်တန်း	၁၂ ပတ်	အခမဲ့	အခမဲ့	ဌာနအသိအမှတ်ပြု Certificate	၂၅-၈-၂၀၁၄

မူလတန်းကျောင်းခွဲဖွင့်

လယ်ဝေး ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်(သာဝတ္ထိ) သစ်ကြိမ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခွဲဖွင့်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ မူလတန်းကျောင်းခွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်း၊ လယ်ဝေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့နှင့် ကျောင်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် သာဝတ္ထိစက်ရုံစု မာယလုလင် ပရဟိတအဖွဲ့နှင့် သာဝတ္ထိစက်ရုံအမျိုးသမီးရေးရာအဖွဲ့မှ ကျောင်းအုပ်ကြီးထံသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက အလယ်ကျွန်းကျေးရွာအုပ်စု လက်ပတန်းကျေးရွာ မူလတန်းကျောင်း သွပ်မိုးရန် အလှူငွေကျပ်တစ်သိန်းကို ကျောင်းကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်

တပ်ကုန်း ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် နောင်သဃ်ါနယ်မြေတွင် အလင်းအိမ်စာကြည့်တိုက် ရွှေသဃ်ါ ပညာရေးဖောင်ဒေးရှင်းက ဦးစီးကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီခွဲက အလင်းအိမ်စာကြည့်တိုက်၌ကျင်းပရာ ရွှေသဃ်ါပညာရေး ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးကြီး မောင်မောင်တင်(ငြိမ်း)က အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ဆန်းလွင်က ရွှေသဃ်ါပညာရေးဖောင်ဒေးရှင်းသည် ပညာရေးသက်သက်ကိုသာ ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အနော်ရထာရပ်ကွက် နောင်သဃ်ါနယ်မြေအတွင်းရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကိုးဦး၊ ရူပဗေဒဂုဏ်ထူးရှင်နှစ်ဦး၊ မြန်မာစာဂုဏ်ထူးရှင်တစ်ဦး၊ နည်းပညာတက္ကသိုလ်တက်ရောက်သူတစ်ဦး စုစုပေါင်း ၁၃ ဦးတို့ကို ဆု၊ ဆုတံဆိပ်နှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(၄၁၇)

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဇူလိုင် ၃ ရက်က အမေရိကန်နိုင်ငံ၏ (၂၃၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲအခမ်းအနားတက်ရောက်လာသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Derek j. Mitchell ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ယဉ်ကျေးလိမ္မာသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေဂုဏ်သူကွန်ဒို၌ ဇွန် ၇ ရက်မှ ဇူလိုင် ၅ ရက်အထိ ယဉ်ကျေးလိမ္မာသင်တန်း ပထမအကြိမ်ဖွင့်လှစ်ခဲ့၍ သင်တန်းဆင်းပွဲကို ဇူလိုင် ၅ ရက်က ကျင်းပရာ မြို့နယ်အတွင်းမှ ကျောင်းသားကျောင်းသူ ၄၈ ဦး တက်ရောက်ခဲ့ကြပြီး အဘိဓမ္မာအောင်၊ ဝိသုဒ္ဓိမဂ်အောင်မြင်ပြီး ယဉ်ကျေးလိမ္မာ ဆရာ ဆရာမများနှင့် သင်တန်းမှူး ဆရာမ ဒေါ်နန်းသန်းသန်းထွေးတို့က အနီးကပ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ပေါက်စ

လှိုင်မြို့နယ်နှင့် လမ်းမတော်မြို့နယ်အတွင်း ဒုတိယဝန်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၆

ဇူလိုင် ၅ရက် နံနက်ပိုင်းက ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် လှိုင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မြို့နယ်အတွင်းမှ တင်ပြမှုများကို ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘုတာလမ်းနှင့် မယ်စီကုန်းလမ်းထောင့် ရေကြီးရေလျှံနေမှုအပေါ် သက်ဆိုင်ရာမှ ဆောင်ရွက်နေရာတွင် တွေ့ကြုံနေသော အခက်အခဲ၊ ဘုရင့်နောင်အိမ်ရာဘုရင့်နောင် ၁၀လမ်းအတွင်း အန္တရာယ်ရှိအဆောက်အအုံ D.Bအဖြစ်သတ်မှတ်ထားသော နှစ်ထပ်တိုက်ခန်းတွဲတစ်လုံး အပါအဝင် ကျန်နေအိမ်များအဆင့်မြှင့်တင် ဆောက်လုပ်ရန်အတွက် နေထိုင်သူများ၏ ဆန္ဒသဘောထားရယူပြီးမှ တင်ပြလုပ်ဆောင်ရန်၊ မြစ်ရေထွက်ပေါက် သုံးပေါက်ရှိသည့်အနက် ချောင်းဝရေထွက်ပေါက် ကမ်းရိုးတန်းသွား သဘော်ဆိပ်အနီးတွင် ရေထိန်းတံခါး တပ်ဆင်ရေးတို့ကို မြို့နယ်ရှိ တာဝန်ရှိသူများ လိုက်ပါလျက် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် အလက(၁)ကျောင်းခန်းမ၌ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်ဖွံ့ဖြိုးရေးနှင့် တိုးတက်ရေး အထောက်အကူပြုအဖွဲ့မှတာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေတို့ တွေ့ဆုံပြီး မြို့နယ်အတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခင်ဆိုင်

ကျောင်းဆောင်သစ်ဆောက်ရန် အလှူငွေလှူဒါန်း

မင်းဘူး ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ မူလတန်းကျောင်းဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မင်းဘူး(စကု)မြို့နယ်မန်းရေနံမြေ MPRL E&P Pte., Ltd. အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က မန်းရေနံမြေနှင့် ဆက်စပ်လျက်ရှိသော ကြီးပင်ကန် အမှတ်(၁) ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပေ(၆၀×၄၀) ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းခဲ့သည်။ **သန်းငွေး(မင်းဘူး)**

မြန်မာအလုပ်သမားများအရေး မြန်မာသံရုံးနှင့် MATအဖွဲ့ ပူးပေါင်းဆောင်ရွက်

စူရတ်ဌာနီ ဇူလိုင် ၆

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့် ၆၄၅ ကီလိုမီတာဝေးသော စူရတ်ဌာနီ မြို့ရှိ BMF သစ်စက်ရုံ၌ ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲက ဆန္ဒထုတ်ဖော်ခဲ့ကြသော စက်ရုံရှိမြန်မာလုပ်သားများ၏ အရေးကိစ္စ အဆင်ပြေချောမွေ့ပြီးစီးသွားခဲ့သည်ဟု ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) က ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဆက်သွယ်ပြောချက်အရ သိရသည်။

ဖြစ်စဉ်မှာအဆိုပါ BMF သစ်စက်ရုံတွင် ရွှေ့ပြောင်း မြန်မာအလုပ်သမား စုစုပေါင်း ၂၀၀ ကျော်ရှိသည့်အထဲမှ အလုပ်သမားကိုးဦး ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်ဟု အလုပ်သမားများအဖွဲ့ ဦးဆောင်သူကိုသိန်းထိုက်က ပြောပြခဲ့သည်။ စက်ရုံရှိ မြန်မာအလုပ်သမားများကို လုပ်အားခများ မတန်တဆ လျော့နည်း ပေးထားခြင်း၊ အလုပ်သမားများ ပင်ပန်းလွန်း၍ လုပ်အားခကို တိုးမြှင့်ပေးပါရန် အကြိမ်ကြိမ် ပြောကြားခဲ့သော်လည်း စက်ရုံမန်နေဂျာများက ဂရုမစိုက်ခဲ့ကြသည့်အပြင် စက်ရုံရှိ အစောင့်များက မြန်မာအလုပ်သမားများ နေထိုင်သော အခန်းများကို ဖျက်လိုဖျက်ဆီး ပြုလုပ်ခြင်း၊ ဆန္ဒပြကြသော မြန်မာအလုပ်သမားများအား လုပ်အားခမပေးဘဲ မောင်းထုတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့အတွက်ကြောင့် ဗန်ကောက်ရှိ မြန်မာသံရုံးသို့ အကြောင်းကြားခဲ့ရာမှတစ်ဆင့် အလုပ်သမားသံအရာရှိ ဦးသိန်းနိုင်၊ သံရုံးအတွင်းဝန် ဦးထွန်းအေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ ဆက်လက် ဆောင်ရွက်မှုများပြုလုပ်ခဲ့ရာ အလုပ်ထုတ်ခံရသော မြန်မာအလုပ်သမားကိုးဦး၏ ပတ်စ်ပို့စာရွက်စာတမ်းများနှင့် လုပ်အားခ ဘတ် ၃၀၀၀၀ကျော်ကို စက်ရုံမန်နေဂျာက ဇူလိုင် ၄ ရက် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် အားလုံးရှင်းပေးပြီးဖြစ်ကြောင်း၊ မြန်မာအလုပ်သမားခေါင်းဆောင် ကိုသိန်းထိုက်စိုးက အားလုံးဝိုင်းဝန်းကူညီမှုကြောင့် လုပ်အားခများနှင့် ပတ်စ်ပို့များ ပြန်ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် MAT အဖွဲ့မှ စုံစမ်းသိရသည်။ **စိုးဝင်း**(SP)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပဲခူးမြို့ ဥဿာသီရိစာသင်တိုက်တွင် ဇူလိုင် ၄ ရက်က ကျင်းပရာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်း၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး ပဲခူးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဥဿာသီရိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သန့်စင်(ပဲခူး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၉၅-၁၆.၄
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

ဝါတွင်းကာလမရောက်မီ သီတင်းတစ်ပတ်အတွင်း စက်မှုဇုန်မြေဈေးများ ထက်ဝက်နီးပါးမြင့်တက်လာ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် ဇူလိုင် ၆

ဝါတွင်းကာလမရောက်မီ ယခုသီတင်းပတ်အတွင်း ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံနှင့် ရွှေလင်ပန်းတို့ရှိ စက်မှုဇုန်မြေဈေးနှင့် အိမ်ခြံမြေ၊ စက်ရုံငှားရမ်းခများ ထက်ဝက်နီးပါး မြင့်တက်လာခဲ့ကြောင်း အိမ်ခြံမြေ အကျိုးဆောင်များထံမှ သိရသည်။

"ဝါဝင်ခါနီးလည်းဖြစ်လို့ ပြည်တွင်း လုပ်ငန်းရှင်အများစုက ကြိုတင်ငှားရမ်းတာတွေ၊ ဝယ်ယူတာတွေကို ပြုလုပ်လာကြတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများစုကလည်း အရောင်းအဝယ်ရော၊ အငှားပါမြင့်တက်လာတဲ့အတွက် လိုချင်တဲ့နေရာမရရှိမှာစိုးလို့ သူတို့လည်း အရောင်းအဝယ်ရော၊ အငှားရော မြင့်တက်နေပါတယ်" ဟု မဏ္ဍိုင်အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းမှ ဦးသန်းဦးက ပြောကြားသည်။

ရန်ကုန်နှင့်အနီးတစ်ဝိုက်စက်မှုဇုန်များ

သီလဝါ အထူးစက်မှုဇုန်သို့ ဝင်ရောက်ရန် ပြည်ပနှင့် ပူးပေါင်းလုပ်ဆောင်သည့် လုပ်ငန်းရှင်များ စိတ်ဝင်စားသော်လည်း လက်ရှိတွင် တစ်နှစ်ကျော်ဝန်းကျင် မြေနေရာရရှိရန်အတွက် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် စက်မှုဇုန်များတွင် ငှားရမ်းမှုများ ပိုမိုလုပ်ဆောင်လျက်ရှိသည်။

"မြေဈေးတွေ မြင့်တက်လာပါတယ်။ အရောင်းအဝယ်မှာ ၂၀၁၃ နှစ်ကုန်ပိုင်းက ငွေကျပ်သိန်း ၄၅၀၀ ဝန်းကျင်မြေကွက်က အခုချိန်မှာ ငွေကျပ်သိန်း ၈၀၀၀ မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ အဓိကကတော့ နေရာကိုကြိုက်ရင် တောင်းတဲ့ဈေးပေးပါတယ်။ အများစုက အခြေခံအဆောက်အအုံတွေ အဆင်သင့်ရှိနေတဲ့နေရာကို သဘောကျတယ်။ ပြုပြင်ရတာတွေသိပ်များရင် ကုန်ကျစရိတ်က မထင်မှတ်ထားလောက်အောင် များပြားတော့ တစ်ပါတည်းအပြီးအစီး အဆင်သင့် အသုံးပြုနိုင်တဲ့ နေရာတွေကိုငှားရမ်းတာ၊ ဝယ်ယူတာများလာပြီး ဈေးနှုန်းတွေလည်း မြင့်တက်လာရပါတယ်" ဟု ရွှေလင်ပန်းစက်မှုဇုန်မှ သွပ်ပြားထုတ်လုပ်ရေး လုပ်ငန်းရှင် ကိုဝေမိုးသွင်က ပြောပြသည်။

အခွန်တိမ်းရှောင်မှုဖော်ထုတ်မည်

စက်မှုဇုန်များအတွင်း ဈေးနှုန်းမြင့်တက်သည်နှင့် အပြိုင်ငှားရမ်းမှုများလည်း မြင့်တက်လျက်ရှိပြီး အငှားစာချုပ်ချုပ်ဆိုရာတွင် အခွန်ရုံးသို့ တင်ပြမှုမရှိဘဲ အခွန်တိမ်းရှောင်မှုများလည်း များပြားလျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးအခွန်ရုံးမှ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

စက်မှုဇုန် အခွန်ရှောင်ငှားရမ်းမှုများအတွက် မြို့နယ်အုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေး၊ နယ်မြေခံရဲတပ်ဖွဲ့များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်း ဖော်ထုတ်နေသော်လည်း အများစုမှာ ဆက်လက်အခွန်တိမ်းရှောင်ဆဲ ဖြစ်ကြောင်း စက်မှုဇုန်များအတွင်း လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

"ရန်ကုန်မြို့ အနီးတစ်ဝိုက်က စက်မှုဇုန်တွေမှာ မြေပိုတွေအများကြီး မကျန်တော့ပါဘူး။ လုပ်ငန်းရှင်အများစုက ကိုယ်တိုင်လုပ်ကိုင်တာထက် လက်လွှဲရောင်းချတာမျိုး၊ ငှားရမ်းတာမျိုး ပိုလုပ်လာကြပါတယ်။ ဈေးကတော့ ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်နေတော့ပြန်ကျဖို့ လက်ရှိမှာ မဖြစ်နိုင်သေးပါဘူး" ဟု ဦးသန်းဦးက ပြောကြားသည်။

(မြန်မာ့အလင်း)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော S.C Artistry Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ပြီး 22 Soi Viphawadi Rangsit 38, Ladyao, Jatujak, Bangkok 10900 တွင် အခြေစိုက်တည်ထောင်ဖွင့်လှစ်ထားပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် အလှကုန်ပစ္စည်းများကို LOLANE ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ၁၉၈၉ ခုနှစ်မှစတင်ပြီး ထိုင်းနိုင်ငံအခြေစိုက် S.C Sereechai Beauty Co.,Ltd. နှင့် အကျိုးတူပူးပေါင်းကာ LOLANE ကုန်အမှတ်တံဆိပ်ဖြင့် အဆိုပါအလှကုန်ပစ္စည်းများကို ထိုင်းနိုင်ငံနှင့် အခြားသောကမ္ဘာ့အနှံ့နိုင်ငံအမြောက်အမြားတွင် LOLANE Beauty Products တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် LOLANE Beauty Products ကို မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှစ၍ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၆၇ လမ်း၊ အမှတ် ၄၀ တွင် တည်ထောင်ထားသည့် Grand Wynn Enterprise Co.,Ltd.(GWE) နှင့် LOLANE Beauty Products ဖြန့်ဖြူးရောင်းချရေးကိစ္စရပ်များကို နှစ်ဦးသဘောတူ သီးခြားပဋိညာဉ်စာချုပ်များဖြင့် စဉ်ဆက်မပြတ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။

နှစ်ဦးသဘောတူပဋိညာဉ်စာတမ်းပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များကို အောင်မြင်စွာ ဖြန့်ဖြူးနိုင်ရန် အရောင်းမြှင့်တင်ပွဲများပြုလုပ်ခဲ့ရာတွင် ကျသင့်သောကုန်ကျစရိတ်ကို ကျွန်ုပ်အမှုသည်ကုမ္ပဏီမှ GWE ကုမ္ပဏီကို လိုအပ်သလို အပြည့်အဝထောက်ပံ့ပေးခဲ့ပါသည်။

နောက်ဆုံးလက်မှတ်ရေးထိုးခဲ့သော နှစ်ဦးသဘောတူ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် LOLANE Beauty Products ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ GWE ကုမ္ပဏီအား ၉-၁၀-၂၀၁၃ ရက်တွင် တရားဝင်အပြီးအပိုင်ရပ်စဲလိုက်ကြောင်း ကျွန်ုပ်၏အမှုသည်ကုမ္ပဏီ၏ရှေ့နေမှတစ်ဆင့် ၁၂-၉-၂၀၁၃ ရက်စွဲပါ တရားဝင်ရေးသားအကြောင်းကြားစာဖြင့် ပေးပို့အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်း GWE Co.,Ltd. သည် ၉-၁၀-၂၀၁၃ ရက်မှစ၍ ကျွန်ုပ်အမှုသည်ကုမ္ပဏီမှထုတ်လုပ်သည့် LOLANE အမှတ်တံဆိပ်ပါ Beauty Product များကို ဖြန့်ဖြူး ရောင်းချသူအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိတော့ကြောင်း အသိပေးအကြောင်းကြားလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ် ၉၁ တွင် ဖွင့်လှစ်တည်ထောင်ထားသည့် Futrue Glow Co.,Ltd. ကို ၁၄-၃-၂၀၁၄ ရက်မှစ၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသောဖြန့်ဖြူးရောင်းချသူကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

LOLANE Beauty Product များကို ဝယ်ယူအားပေးမည့် အများပြည်သူများအား အထူးအကြံပေးပြောကြားလိုသည်မှာ LOLANE ကုန်အမှတ်တံဆိပ်အစစ်အမှန်ကို သေချာစွာကြည့်ရှုပြီး ကျွန်ုပ်အမှုသည်၏တရားဝင်ဖြန့်ဖြူးရောင်းချသူအဖြစ်ခန့်ထားသည့် Futrue Glow Co.,Ltd ထံမှသာ ဝယ်ယူအားပေးခြင်းပြုကြရန် လေးစားစွာအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သန်းစိုး B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)
အမှတ် ၁၂၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၁-၂၈၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

အမည်ပြောင်း ဦးဟန်ဝင်းအောင်၏သမီး ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ ကဝိစည်သူ ကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်း နဝမတန်းမှ မအိမ့်နွယ်နီနိုင်အား ယနေ့မှစ၍ မအိမ့်သွန်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်သွန်းဆက်**

REQUIRED 1-2 YEARS EXPERIENCED

- CIVIL ENGINEERS with B.Tech/Diploma
- ELECTRICAL ENGINEERS with B.Tech/Diploma
- OFFICE SECRETARY
- ACCOUNTANT

APPLY TO: royalelemltd@gmail.com

Contact: 09-250166841,09-250093851

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၆၀/ခ၊ ဧရိယာ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၆၀/ခ၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်အောင်စိုး ၁၂/ဥကတ(နိုင်)၁၁၁၅၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးအေး LL.B, D.B.L, D.M.L, D.I.L
WIPO, DL-101 (Switzerland) (စဉ်-၈၅၅၈)တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၁၇၆၊ လေးလွှာ/ဘီ၊ သမာဓိလမ်း၊ မေတ္တာညွန့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၅၃၅၈၂၇၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းနိုင်၏သား မောင်ကျော်မင်းထွန်း ၁၂/ဥကမ(နိုင်)၁၆၀၉၃၆ သည် မိဘ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းနိုင် ၁၂/ဥကမ(နိုင်)၀၂၉၀၀၇
အမှတ် ၉၅၊ မြရတနာ ၉ လမ်း၊
မြောက်ဥက္ကလာပမြို့နယ်

ယာဉ်မောင်းအလိုရှိသည်

အိမ်ကားမောင်းရန်၊ အလုပ်ချိန် နံနက် ၇း၃၀ နာရီမှ ည ၇း၃၀ နာရီအထိ၊ ကိုယ့်ထမင်းချိုင့်နှင့်ကိုယ်၊ Sunday ပိတ်ရက်၊ ၈ မိုင်ပတ်ဝန်းကျင်၊ လစာ-၂၅၀၀၀၀ိ/-။

စုံစမ်းရန်-
ဖုန်း-၀၉-၄၃၁၈၂၀၀၁

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စိတ်ကြွရူးသွပ်ဆေးများ ၂၉၁၂ သိန်းကျော်ဖိုး ဖမ်းမိ

တာချီလိတ် ဇူလိုင် ၆

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ရက် ည ၁၁ နာရီခန့်က တာချီလိတ်မြို့နယ် ဝိန်းကျောက်ရပ်ကွက် အိမ်အမှတ်(---)ရှိ နေအိမ်အခန်းငှားတစ်ခုတွင် သတင်းအရ သွားရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်ရှိ ကတ်ထူစက္ကူဖန်းပေါ်တွင် စိတ်ကြွဆေးပြား ထုတ်လုပ်ရန်အတွက် အသင့်ရောစပ်ထားသော အနီရောင် စိတ်ကြွဆေးမှုန့်အလေးချိန် ၄ ဒသမ ၆ ကီလိုပါ တစ်ဇန်းနှင့် ၆ ဒသမ ၂ ကီလိုပါ တစ်ဇန်း စုစုပေါင်း ၁၀ ဒသမ ၈ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့က ဆက်လက်ပြီး ရှာဖွေရာ အဆိုပါအခန်းအတွင်းမှပင် Syif SF-400A စာတန်းပါ ဒစ်ဂျစ်တယ်ချိန်ခွင်တစ်လုံး၊ ပလတ်စတစ် လက်အိတ်ခုနစ်ခု၊ ပလတ်စတစ် ဇလုံနှစ်ခု၊ ဇွန်းကြီးနှစ်ဇွန်းအား မီးဖိုချောင်အနောက်ဘက်မှ အဖြူရောင် ပလတ်စတစ်ဘူးဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွ ဆေးပြား ၈၄၈၀ အလေးချိန် ၈၄၈ ဂရမ်တို့နှင့်အတူ ပြစ်မှုကျူးလွန်သူဟု ယူဆရသူတို့၏ ဓာတ်ပုံများ၊ စာရွက်စာတမ်းများ၊ ထိုင်းဖုန်းများနှင့် လက်လှည့်မွှေစက်တို့ကို ထပ်မံတွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြသည်။

အဆိုပါ ပိုင်ရှင်မဲ့ဖမ်းဆီးရရှိသော ကျပ်သိန်းပေါင်း ၂၉၁၂ သိန်းကျော် တန်ဖိုးရှိသည့် စိတ်ကြွရူးသွပ်ဆေးမှုန့်များနှင့် စိတ်ကြွဆေးပြားများကို မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ် ပူးပေါင်းအဖွဲ့မှ သိမ်းဆည်းခဲ့ပြီး တိမ်းရှောင်လျက်ရှိသူ နှစ်ဦးအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဦးထုပ်ကျ၍ ပြန်ကောက်ရန် ကားပေါ်မှခုန်ချသူ သေဆုံး

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ အရှေ့ကွန်ကရစ်လမ်းတွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခန့်က ကျောက်ကားတစ်စီးပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခေတ်အေးကျေးရွာနေသူ ယာဉ်မောင်း မင်းအောင် မောင်းနှင်လာသော ကျောက်တင်ယာဉ် ၂ဂ/. . . သည် ကျောက်များနှင့် အလုပ်သမားခြောက်ဦးကို တင်ဆောင် မောင်းနှင်လာစဉ် ယာဉ်ပေါ်ပါ အလုပ်သမားတစ်ဦးဖြစ်သော စိုးအောင် (၁၇နှစ်) ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာနေသူသည် ဦးထုပ်ကျသွား၍ ခုန်ချပြီး ဆင်းကောက်ရာ ဦးခေါင်းနှင့် ကွန်ကရစ်လမ်းထိခိုက်၍ ကွဲအက်ဒဏ်ရာဖြင့် နေရာ၌ပင် သေဆုံးခဲ့သည်။

ကားပေါ်ပါ အခြားသူများမှာ အိပ်ပျော်၍လိုက်ပါလာသူနှင့် အရှေ့သို့ငေးမောကာ လိုက်ပါလာကြရာ စိုးအောင် ခုန်ချ၍ သေဆုံးသွားသည်ကို မသိရှိကြဘဲ ကားမှာ ဆက်လက်မောင်းနှင်သွားခဲ့သည်ကို အနားရှိလူများက သိရှိကာ ဖုန်းဆက်အကြောင်းကြားခဲ့ရကြောင်း၊ သို့မှသာ ကားပေါ်ပါလူများ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

သတိပြုဆင်ခြင်သင့်

ကျောက်တင်ယာဉ်များသည် ကျောက်များအပြည့် တင်ဆောင်လာသော်လည်း အကာအရံများမလုံခြုံမှုကြောင့် လမ်းပေါ်သို့ ကျောက်တုံး၊ ကျောက်များ ကျရောက်လွင့်စဉ်ခြင်း၊ အလုပ်သမားများ ကားပေါ်တွင် အိပ်ငိုက်၍ လိုက်ပါလာခြင်းများ နေ့စဉ်လိုလို မြင်တွေ့နေရသည်။ ယခုဖြစ်စဉ်တွင် ကားမောင်းနေစဉ် မဆင်မခြင်ခုန်ချခဲ့သည်ကိုပင် အနီးရှိလူများမသိရှိဘဲ အိပ်ပျော်နေကြခြင်းသည် အလွန်ပင် သံဝေဂရစရာဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်တင်ယာဉ်ဖြစ်စေ၊ ကုန်တင်ယာဉ်ဖြစ်စေ၊ ကျောက်များ၊ ကုန်များကို သေချာစွာ ကာရံထားရှိရန် လိုအပ်ပြီး လူများ တင်ဆောင်မောင်းနှင်ခြင်းကို သတိပြုဆင်ခြင်သင့်ကြောင်း အနီးရှိ မျက်မြင်တွေ့ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

မောင်ကျော်ကြီး

ဘူတာစကြံပေါ်တွင် လူတစ်ဦးသေဆုံး

အင်းတော် ဇူလိုင် ၆

ဇူလိုင် ၄ ရက် နံနက် ၃နာရီက အင်းတော်မြို့နယ် နန့်စီးအောင် ဘူတာလုံခြုံရေးတပ်ဖွဲ့က ဘူတာစကြံတွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းပို့သဖြင့် ရဲကင်းစခန်းမှ ရဲအုပ်လှကြည်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေအုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ ဒုတိယရုံပိုင် ဦးစိုးရွှေနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြရာ ဘူတာခုံတန်းလျားဘေးကြမ်းပြင်တွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည့် အမည်မသိ အသက်(၃၂နှစ်)ရှိ အမျိုးသားတစ်ဦးကို စစ်ဆေးတွေ့ရှိရသည်။ သေဆုံးသူမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရန် မော်လူးနယ်မြေရဲစခန်း ရဲအုပ်လှကြည်က အမှုအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

အိပ်နေသောမိန်းကလေးများကို ဓားဖြင့်ထိုးထွက်ပြေး

စစ်ကိုင်း ဇူလိုင် ၆

စစ်ကိုင်းမြို့နယ် ခိုတောင်ကျေးရွာနေ ဦးအောင်ဝင်း(ဈေးရောင်း)သည် ဇူလိုင် ၃ရက် ညသန်းခေါင်ကျော်တစ်နာရီခန့်တွင် နေအိမ်အောက်ထပ်တွင် ဇနီးဖြစ်သူ မကြည်မြင့်နှင့် သားဖြစ်သူ မောင်ချမ်းသာ၊ နေအိမ်အပေါ်ထပ်တွင် သမီးဖြစ်သူ မနီနီအောင်၊ မသန်းသန်းစိုးတို့ အိပ်နေကြစဉ် အပေါ်ထပ်မှ ဝုန်းဝုန်းဟု အသံကြားရသဖြင့် လန့်နိုးပြီး သားဖြစ်သူ မောင်ချမ်းသာက အိမ်ပေါ်သို့တက်သွားပြီး "အဖေလူလူ"ဟုပြော၍ ဦးအောင်ဝင်းက တက်ကြည့်ရာ အမည်မသိလူတစ်ဦး နေအိမ်အပေါ်ထပ်ဝရန်တာမှ ခုန်ချထွက်ပြေးသွားသည်ကို မြင်တွေ့ရသဖြင့် သမီးဖြစ်သူ မနီနီအောင်နှင့် မသန်းသန်းစိုးတို့အား မေးမြန်းရာ အမည်မသိတစ်ဦးသည် ၎င်းတို့အိပ်သည့်အခန်းထဲရောက်လာပြီး သမီးဖြစ်သူ မသန်းသန်းစိုး၏ လည်ပင်းကို ကိုင်လိုက်စဉ် လန့်နိုးပြီးအော်မည်ပြုစဉ် ပါးစပ်ကိုလက်နှင့်ပိတ်ထား၍ မအော်နိုင်သဖြင့် ဘေးတွင်အိပ်နေသော အစ်မဖြစ်သူ မနီနီအောင်ကို လက်ဖြင့်နှိုးရာ နိုးလာပြီးထလိုက်စဉ် အမည်မသိလူက ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားကြောင်း သိရသည်။

မနီနီအောင်နှင့် မသန်းသန်းစိုးတို့တွင် ဒဏ်ရာများရရှိထားသည်ကိုတွေ့ရ၍ ဆေးကုသမှုခံယူရန် စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ပေးပို့လိုက်ရသည်။ သို့ဖြစ်ပါ၍ သမီးနှစ်ဦးအားနေအိမ်ပေါ်သို့ တက်ရောက်ပြီး ဒဏ်ရာရရှိအောင်ဓားဖြင့်ထိုးသူအား စုံစမ်းဖော်ထုတ်ပေးပါရန် ဖခင်ဖြစ်သူ ဦးအောင်ဝင်းက စစ်ကိုင်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

နယ်သာလန်နည်းပြဗန်ဟားရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်

အာကာကျော်

ဘောလုံးပွဲတစ်ပွဲ အနိုင်ရဖို့ဆိုတာ နည်းပြရဲ့ ဆုံးဖြတ်ချက်ဟာ သိပ်ကို အရေးကြီးတယ် ဆိုတာ နယ်သာလန်နဲ့ ကော်စတာရီကာပွဲက သက်သေပြလိုက်ပါပြီ။

ဒီနှစ်သင်းဟာ အကြိတ်အနယ် ကစားခဲ့ပေမယ့် အချိန်ပိုကစားပြီးတဲ့အထိ တစ်ဖက်နဲ့တစ်ဖက် အနိုင်အရှုံး အဖြေမထွက်ခဲ့ပါဘူး။ ဒါကြောင့်လည်း ပယ်နယ်တီကန်သွင်း ဆုံးဖြတ်ရတော့မယ်ဆိုတာသိနေတဲ့ နည်းပြ ဗန်ဟားက ပွဲမပြီးမီ တစ်မိနစ်အလိုမှာ ပွဲချိန်အတွင်း ဂိုးဖမ်းနေတဲ့ ဂိုးသမားနေရာမှာ အတွေ့အကြုံရင့် ဂိုးသမားတင်ခရူးလ်ကို လူစားဝင်ရောက်စေပါတယ်။ ဒါဟာ နည်းပြဗန်ဟားရဲ့ ကျွမ်းကျင် ပါးနပ်မှုလို့ ဆိုရမှာဖြစ်ပါတယ်။ တစ်နည်းပြောမယ်ဆိုရင် နည်းပြရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်လို့ ဆိုရမှာ ဖြစ်ပါတယ်။

နယူးကာဆယ် ဂိုးသမား တင်ခရူးလ်ဟာ ကော်စတာရီကာ ကစားသမားတွေဖြစ်တဲ့ ဘရိုင်ယန်ရုစ်ဇ်နဲ့ မိုက်ကယ်အူမာနားတို့ရဲ့ ပယ်နယ်တီတွေကို ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ နယ်သာလန်က ပယ်နယ်တီ လေးဂိုး-သုံးဂိုးနဲ့နိုင်ပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ ပုံမှန်ကစားချိန်မှာ နယ်သာလန်က အသာစီးနဲ့ ကစားနိုင်ပေမယ့် ကော်စတာရီကာဂိုးသမားရဲ့ အစွမ်းပြကာကွယ်ပေးနိုင်မှုကြောင့် ဂိုးမရခဲ့ပါဘူး။ စနိုက်ဒါကန်သွင်းတဲ့ နှစ်လုံးကလည်း တိုင်ထိထွက်ခဲ့ပါတယ်။ ဒီအတောအတွင်း ဗန်ပါစီကန်သွင်းတဲ့ တစ်ဂိုးကလည်း ဘားတန်းထိမှန်ခဲ့တာကြောင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ နယ်သာလန်တို့ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ဘယ်လ်ဂျီယံကိုနိုင်ပြီး တက်လာတဲ့ အာဂျင်တီးနားနဲ့ အကြိုဗိုလ်လုပွဲ ကစားရမှာ ဖြစ်ပါတယ်။

နယူးကာဆယ် ဂိုးသမား တင်ခရူးလ်ရဲ့ အစွမ်းပြမှုကတော့ နယ်သာလန်အသင်းကို အကြိုဗိုလ်လုပွဲအထိအရောက်ပို့ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကလည်း နည်းပြဗန်ဟားရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။

ဆီမီးဖိုင်နယ် တွေ့ဆုံမှုပွဲစဉ်

သီဟ

လေးနှစ်မှ တစ်ကြိမ် ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးက ဆီမီးဖိုင်နယ်သို့ရောက်ရှိလာပြီး အုပ်စု(က)မှ တက်ရောက်လာသော ဘရာဇီးနှင့် အုပ်စု(ဆ)မှ တက်ရောက်လာတဲ့ ဂျာမနီအသင်းတို့ ဇူလိုင်၉ နံနက် ၂း၃၀မှ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဘရာဇီးအသင်းက ရဂိုး ၁၀ဂိုး သွင်းထားကာ အားထားရတဲ့ နေမာက ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့နေရပြီး သွင်းဂိုး လေးဂိုးနဲ့ ရပ်တန့်ရမလို ဖြစ်နေပါတယ်။ ခံစစ်ပိုင်းမှာလည်း အဓိက ကစားသမားဖြစ်တဲ့ ဆေးဗားကလည်း ပွဲပယ်ခံထားရပါတယ်။ ဂျာမနီအသင်းက ရဂိုး ၁၀ဂိုးနဲ့ မူလာက သွင်းဂိုး လေးဂိုး ရရှိထားပြီး ကိုလံဘီယာမှ ရိုဒရီဂွက်ဇ် ရဂိုးခြောက်ဂိုးကို ကျော်ဖြတ်နိုင်ဖို့ မျှော်လင့်ချက် ရှိသေးကာ ဂျာမနီအသင်းက လက်ရှိအချိန်မှာ ဒဏ်ရာပြဿနာကင်းစင်ကာ စုစည်းမှု အားကောင်းပြီး အင်အားတောင့်တင်းတဲ့အသင်းပါ။

ဆီမီးဖိုင်နယ် ပွဲစဉ်တစ်ခုဖြစ်တဲ့ နယ်သာလန်နှင့် အာဂျင်တီးနားပွဲက ဇူလိုင်၁၀ နံနက် ၂း၃၀မှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ နယ်သာလန်အသင်းက အုပ်စု(ခ)မှ တက်ရောက်လာပြီး ရဂိုး ၁၂ဂိုး ရရှိထားကာ ဗန်ပါစီ နဲ့ ရော်ဘင်က သုံးဂိုးစီ သွင်းယူထားပါတယ်။ ကွာတားဖိုင်နယ်တွင် ကော်စတာရီကာကို ပယ်နယ်တီဖြင့်အနိုင်ရရှိခဲ့ပါတယ်။ အာဂျင်တီးနားအသင်းက ရဂိုး ရှစ်ဂိုးရရှိပြီး မက်ဆီက လေးဂိုးသွင်းယူထားကာ ဂိုးသွင်းစံချိန် မျှော်လင့်ချက်ရှိသေးပါတယ်။ အာဂျင်တီးနားအသင်းက အုပ်စု(စ)မှ တက်ရောက်လာပြီး ဖြတ်သန်းလာတဲ့ ပွဲစဉ်တစ်လျှောက် ဂိုးပြတ်အနိုင်ရရှိမှု မရှိထားပါဘူး။

ချက်တင်းနစ်မယ် ဝင်ဘယ်ဒန်ဖလားဆွတ်ခူး

ဗြိတိန်နိုင်ငံ၌ ကျင်းပခဲ့သော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပီထရာဗစ်တိုးဗားက ကနေဒါ ဆယ်ကျော်သက် ယူဂျင်းဘိုချတ်ကိုနိုင်ပြီး ဒုတိယအကြိမ်မြောက် ဝင်ဘယ်ဒန်ဖလားဆွတ်ခူးသွားပြီ ဖြစ်သည်။

ကမ္ဘာ့အဆင့် (၆) ရှိ ချက်တင်းနစ်မယ် ဗစ်တိုးဗားသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဝင်ဘယ်ဒန်ဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ သူသည် ဘိုချက်အား ၅၅ မိနစ်ကြာ ကစားပြီး ၆-၃၊ ၆-၀ ဖြင့် နိုင်ကာ ဝင်ဘယ်ဒန်ဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ သူသည် ဒုတိယအကြိမ် ဝင်ဘယ်ဒန်ဖလားကို ဆွတ်ခူးလိုက်နိုင်၍ ကမ္ဘာ့အဆင့် (၄)နေရာသို့ တက်လှမ်းနိုင်ရန် မျှော်လင့်ထားသည်။ အသက် ၂၀ အရွယ်ရှိ ဘိုချက်သည် ဂရင်းဆလမ်ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်သည့် ပထမဆုံးသော ကနေဒါနိုင်ငံသူဖြစ်လာခဲ့သည်။ သူသည် လွန်ခဲ့သော နှစ်နှစ်က ဂျူနီယာဝင်ဘယ်ဒန်ဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဆီမီးဖိုင်နယ် ဒီမာရီယာပါဝင်ရန် မသေချာ

အာဂျင်တီးနား ကွင်းလယ်ကစားသမား အိန်ဂျယ်ဒီမာရီယာသည် နယ်သာလန်နှင့် ဗုဒ္ဓဟူးနေ့တွင်ကစားမည့် အကြိုဗိုလ်လုပွဲပါဝင်ရန် မသေချာဘဲ ဖြစ်နေသည်။ ၎င်းသည် အာဂျင်တီးနားက ဘယ်လ်ဂျီယံကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် ပေါင်ခြံထိခိုက်ဒဏ်ရာရရှိထားသည်။ အသက် ၂၆ နှစ်ရှိ ရီးရဲမက်ဒရစ်ကစားသမား ဒီမာရီယာသည် ၎င်းပွဲတွင် ၃၃ မိနစ်ကြာကစားပြီး လူစားလဲထွက်ခဲ့ရသည်။ ဒီမာရီယာသည် ရှုံးထွက်အဆင့် ဆွစ်ဇာလန် အသင်းကို အနိုင်ကစားရာတွင် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့သူဖြစ်သည်။ ၎င်းသည် တိုက်စစ်မှူးမက်ဆီနှင့်အတွဲညီသည့် ကစားသမားလည်းဖြစ်သည်။ အာဂျင်တီးနားအသင်းတွင် ဒီမာရီယာမပါဝင်ပါက တိုက်စစ်အားလျော့ကျသွားနိုင်သည်။

ကောင်းမြတ်သူ-စုစည်းသည်

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများနှင့် ဆေးဝါးအတု

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက် ရှိပါသည်။

၂။ အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး ၁၈ မျိုးဖြစ်ပါကြောင်းနှင့် အဆိုပါဆေးများထဲမှ *Henan Dekang P'cal, Co., Ltd. ထုတ် Quinine Dihydrochloride injection 0.25 g/ml ဆေးဝါးသည် ဆေးဝါးတုဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ
၁။	Taxim O DT-100 Dispersible Tablet (Cefixime IP (as trihydrate) eq. to Anhydrous Cefixime 100mg)	Alkem Labs Ltd. India
၂။	Azikem 500 Tablet (Azithromycin IP as Dihydrate eq. to Anhydrous Azithromycin IP 500mg)	Alkem Labs Ltd. India
၃။	Zithrokem 250mg Tablet (Azithromycin IP as Dihydrate eq. to Anhydrous Azithromycin IP 250mg)	Alkem Labs Ltd. India
၄။	Cipex-500 Tablet (Ciprofloxacin HCl eq. to I.P eq. to Ciprofloxacin 500mg)	Maxtar Bio-Genics, India
၅။	Cipex-250 Tablet (Ciprofloxacin HCl IP eq. to Ciprofloxacin 250mg)	Maxtar Bio-Genics, India
၆။	Malariavin FC Tablet (Chloroquine phosphate IP 250mg eq. to 155mg Chloroquine base)	Vilochem P'cals, India
၇။	Norcid-400 LB Tablet (Norfloxacin IP 400mg, Lactic Acid Bacillus 30 million spores)	VIP P'cals Pvt Ltd. India
၈။	Inderal 10 Tablet (Propanolol HCl IP 10mg)	Abbott Healthcare Pvt Ltd. India
၉။	Asthaloc-4 Tablet (Salbutamol sulphate IP eq. to salbutamol 4mg)	Alco Formulation, India
၁၀။	Almox-500 Capsule (Amoxicillin Trihydrate IP eq. to Amoxicillin 500mg)	Alkem Labs Ltd. India
၁၁။	Lasix 40 Tablet (Frusemide IP 40mg)	Aventis Pharma Ltd. India
၁၂။	Aldactone Tablet (Spironolactone IP 25mg)	RPG Lifescience Ltd. India
၁၃။	Almox 250 Capsule (Amoxicillin Trihydrate IP eq. to Amoxicillin 250mg)	Alkem labs Ltd. India
၁၄။	M-kin- 250 Tablet (Chloroquine phosphate IP 250mg)	Ridley Lifescience Pvt Ltd. India
၁၅။	Primaquine phosphate Tablet USP 7.5mg base (Primaquine phosphate USP eq to Primaquine base 7.5mg)	Maneesh P'cals Ltd.India
၁၆။	Chloroquine Tablet (Chloroquine phosphate BP eq to 150mg Chloroquine base)	Cipla Ltd.India
၁၇။	Artefan 20/120 Tablet (Artemether Ph.Int.20mg. Lumefantrine 120mg)	Ajanta Pharma Ltd.India
၁၈။	Quinine Dihydrochloride Injection 0.25g/ml	Henan Dekang P'cal. Co., Ltd

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့အခြေပြု တီဘီရောဂါတိုက်ဖျက်ရေး မြို့နယ်အဆင့် နှစ်ဝက်ဆန်းစစ်ဆွေးနွေး

လှိုင်ကော် ဇူလိုင် ၆

ပြည်သူ့အခြေပြု တီဘီရောဂါတိုက်ဖျက်ရေး မြို့နယ်အဆင့် နှစ်ဝက်ဆန်းစစ်ဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က လှိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးဆုံးဖြတ်ချက်မှ လုပ်ငန်းစဉ်များကို ဇူလိုင် ၄ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည် ဆန်းစစ်ဆွေးနွေးပွဲကျင်းပခဲ့ရာ အခမ်းအနားသို့ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန့်ဇင်ထွန်း၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာန ဒေါက်တာ ကျော်သူရိန်၊ မြို့နယ်ထွေ/အုပ်နှင့် ရပ်ကွက်ကျေးရွာအဆင့် စေတနာ့ဝန်ထမ်းကျန်းမာရေးစောင့်ရှောက်ပေးသူ ၄၀ တက်ရောက်ခဲ့ကြပြီး ခြောက်လအတွင်း လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်သောအခက်အခဲများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆိုပါလုပ်ငန်းစဉ်များ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ တီဘီရောဂါဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်၍ ထိရောက်စွာကုသနိုင်ရန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာအထိ ကွင်းဆင်းဆောင်ရွက်ပြီး ကျန်းမာရေးဆောင်ရွက်ချက်များ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ရဲနောင်(လှိုင်ကော်)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၅၈×၅၉ လမ်းကြား၊ မင်းကြီးနောင်× သမိန်ဗရမ်းလမ်းကြားရှိ ဦးတင်မောင်ဆွေ အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ခင်မြနွယ် ၉/မရမ(နိုင်)၀၆၇၅၈၈ မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အုန်းကြောရွာသစ်နေ ဦးတိုးသောင် (ဘ)ဦးထွန်းဖေ ၉/မကန(နိုင်)၀၁၉၃၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရှမ်းပြည်နယ် ယခင်ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်၊ ရွှေဇာလီကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄(အုံးကြောအနောက်)၊ ဦးပိုင်အမှတ် (၇၁)၊ မြေအမျိုးနှင့်အတန်း(အခင်းမြေ)၊ ဧရိယာ ၀ ဒသမ ၈၇ ဧကအကျယ်ရှိ မြေနေရာသည် ဦးတိုးသောင် အမည်ပေါက် ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရမြေဖြစ်ကြောင်းနှင့် ယင်းမြေနေရာအတွင်း ခွင့်ပြုချက်နှင့်ထားသူမှအပ မည်သူမျှ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း မပြုရန်နှင့်ဝင်ရောက်ကျူးကျော်နေထိုင်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားသူ-
ဦးတိုးသောင်

ညွှန်ကြားချက်အရ-
ဦးညွှန့်တင်(အထက်တန်းရှေ့နေ)(စဉ်-၂၁၀၈၅)
အမှတ်(၂၇၇)၊ စည်ပင်သာယာရပ်၊ မိုးကုတ်မြို့

လုပ်ငန်းအမည်၊ လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်(က)ရပ်ကွက်၊ သာယာဝတီမင်းကြီးလမ်းနှင့် ၇၂ လမ်းထောင့်၊ အမှတ် ၀-၄/၁၆နေ ဦးသော်တာမြင့်အောင် ၉/ပကခ(နိုင်)၀၀၈၉၈၁၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။

ဦးသော်တာမြင့်အောင်သည် iT STAR Technology အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ မှတ်ပုံတင်စာချုပ်အမှတ် ၄၈၈/၂၀၁၀ ဖြင့် ၁၉-၈-၂၀၁၀ရက်က မှတ်ပုံတင်သွင်းခဲ့ပါသည်။ ထို့ပြင် iT STAR ကုမ္ပဏီလီမိတက်အမည်ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၁၀၉၁/၂၀၁၃-၂၀၁၄အရ ၆-၆-၂၀၁၃ ရက်က မှတ်ပုံတင်ထားပြီးလည်း ဖြစ်ပါသည်။

အဆိုပါအမှတ်တံဆိပ်ဖြင့် ကွန်ပျူတာနည်းပညာရပ် (Soft ware) များ ကိုယ်တိုင်တီထွင် ဖြန့်ဖြူးရောင်းချခြင်း၊ အင်တာနက်ပေါ်တွင် အသုံးပြုနိုင်သော (web page) များ ရေးဆွဲခြင်း၊ ကွန်ပျူတာတစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းဆိုင်ရာ (Networking) လုပ်ကိုင်ခြင်း၊ ကွန်ပျူတာနှင့်စပ်လျဉ်းသည့် နည်းပညာသင်ကြားပို့ချခြင်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

iT STAR Technology လုပ်ငန်းအမည်နှင့် မှတ်ပုံတင်အမှတ်တံဆိပ်မှာ ဦးသော်တာမြင့်အောင် တစ်ဦးတည်း၏မူပိုင်တံဆိပ်အမှတ်အသားဖြစ်သောကြောင့် ဦးသော်တာမြင့်အောင်၏ သဘောတူညီခွင့်ပြုချက်တစ်စုံတစ်ရာ မပါရှိဘဲ အဆိုပါလုပ်ငန်းအမည်နှင့် လုပ်ငန်းအမှတ်တံဆိပ်ကို တုပ၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူအား ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ယဉ်သူ
တရားလွှတ်တော်ရှေ့နေ စဉ်-၅၇၉၈

ဒေါ်အေးစန္ဒာလှဲ့
အထက်တန်းရှေ့နေ စဉ်-၂၈၀၂၅

၃၇၄၊ ၈၃လမ်း၊ ၃၁×၃၂ လမ်းကြား၊
ဂုန္တာန်ရပ်၊ မန္တလေးမြို့
ဖုန်း-၀၉-၉၁၀၁၅၈၈၇၊ ၀၉-၄၃၁၆၂၈၃၂

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာရှိ လားရှိုးလမ်းနှင့် ပဒုမ္မာလမ်းထောင့်၊ အကွက် ၆၈၀၊ ဦးပိုင်အမှတ် ၉၈၊ ပေ (၁၀၁×၇၆) အကျယ်အဝန်းရှိ ရွာမြေနှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၃၀၀၊ တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်တို့အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးစိုင်းမင်းမင်းမွေး ၁၃/လရန(နိုင်)၀၀၃၀၄၂နှင့် ဒေါ်နွယ်နွယ်ဝေ ၉/ခအဇ(နိုင်) ၀၀၄၆၆၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲဝင့်နိုင်
အထက်တန်းရှေ့နေ (၁၇၈၈၃)
အမှတ် ၁၀၄၊ ကုန်းပေါ်ကျေးရွာ၊
ပြင်ဦးလွင်မြို့နယ်၊ ဖုန်း-၀၉-၂၅၉၀၀၃၂၇၂

ဌာနဆိုင်ရာ

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအား အလေးထားဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အနေဖြင့်လည်း သိသာထင်ရှားသည့်ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။ ကျေးလက်အခြေခံ အဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား တည်ဆောက်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ အလင်းရောင်ရရှိခြင်းဖြင့် မိသားစုဘဝ သာယာဝပြောစေရန်အတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်မိသားစုများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းမှသည် စီးပွားဖြစ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ရည်မှန်း၍ တန်ဖိုးနည်း အိမ်ရာများ တည်ထောင်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်အခြေခံအဆောက်အအုံများ ဒေသအလိုက် အချိုးညီညီ ပြောင်းလဲတိုးတက်လာနေပြီဖြစ်ပါသည်-











မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန/ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)

မိတ္ထီလာကန်ကူးတံတား အုတ်မြစ်လုပ်ငန်းများ မကြာမီဆောင်ရွက်မည်

မိတ္ထီလာ ဇူလိုင် ၆

မိတ္ထီလာတောင်ကန်ကို ဖြတ်သန်း၍ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် ဖြတ်သန်းဆောက်လုပ်ထားသည့် ကန်ကူးတံတားဟောင်း၏ တောင်ဘက်တွင် ကပ်လျက်တည်ဆောက်မည့် တံတားသည် အကျယ် ၂၃ ပေ၊ အရှည်ပေ ၂၀၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ မူလတံတားနှင့် ကပ်လျက် တည်ဆောက်မည်ဖြစ်သောကြောင့် တံတားပေါ်တွင်ယာဉ်သွားလမ်း အကျယ် ၄၈ ပေအထိ ရှိလာမည်ဖြစ်ပြီး လေးလမ်းသွားလမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ အထိရှိပြီး ကန်ကူးတံတားအသစ် တည်ဆောက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ(မူလ)ငွေကျပ် သန်း ၂၀၀ ခွင့်ပြုထားပြီး တံတားဆောက်လုပ်ရေးစီမံကိန်းတစ်ခုလုံး၏ တန်ဖိုးမှာ ငွေကျပ် သန်း ၆၀၀ ဖြစ်သည်။ မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းသည် ဘီအိုတီလမ်းဖြစ်သောကြောင့် မြတ်နိုးသူကုမ္ပဏီက တံတားအနောက်ဘက်ထိပ် ချဉ်းကပ်လမ်းအကျယ် ၂၃ ပေ၊ အလျားပေ ၆၆၀ကို တာဝန်ယူ ဆောက်လုပ်မည်ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားအသစ်တည်ဆောက်ရန်အတွက် မြေစမ်းခြင်းလုပ်ငန်းများပြီးစီးကာ မကြာမီအုတ်မြစ်လုပ်ငန်းများကို စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ အဆိုပါ ကန်ကူးတံတား ဆောက်လုပ်ရေးကို တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၁၄ မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်၊ လက်ထောက်အင်ဂျင်နီယာ ဦးသန်းအောင်တို့က တာဝန်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၅၅-ခ)၊ ၅၅×၅၆ ကြား၊ မင်းရဲကျော်စွာနှင့် ဗထူးလမ်းကြားရှိ ဦးသိန်းညွန့် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ဖြိုးအိသိန်း ၉/ဝတန(နိုင်)၁၇၀၁၅၁မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊မြေကွက်အမှတ်(၇၃/၃)၊ ဧရိယာ ၀ ဒသမ ၀၁၈ဧက၊ မြေကွက်တည်နေရာအမှတ် (၂၁)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ်ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသောကတိခံဝန်ချက်နှင့် အရောင်းအဝယ် အရပ်ကတိစာချုပ်တို့တင်ပြ၍ မြေကွက်ရရှိသူ ဦးအာလာဂရူးထံမှ ဝယ်ယူသူ ဦးအောင်အောင်(ခ) သော်ဇင် ၁၂/မရက (နိုင်)၀၁၉၀၄၅က အမှတ် (၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၇၃/၂)၊ဧရိယာ ၀ ဒသမ ၀၁၆ဧက၊ မြေကွက်တည်နေရာအမှတ် (၂၃)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ်ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသောကတိခံဝန်ချက် ပျောက်ဆုံးကြောင်း လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထောက်ခံချက်တင်ပြ၍ ဦးမျိုးအောင်ထံမှ ဝယ်ယူထားသူ ဒေါ်ခိုင်ခိုင်ချို ၁၂/လမန(နိုင်)၀၀၂၁၆၅က အမှတ် (၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံ ချက်အရ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၂)၊ ဦးပိုင်အမှတ်(၁၀၄-က)၊ (၁၀၅-ခ)၊ ၄၀×၄၁လမ်းကြား၊ ၈၃×၈၄ လမ်းကြားရှိ ဦးဘရင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးဘရင်၊ မိခင်ဖြစ်သူ ဒေါ်ငွေသိန်းတို့ ကွယ်လွန်ပြီး သား/သမီးများဖြစ်သည့် ဦးဘိုရှိန်၊ ဦးအေးလွင်၊ ဒေါ်ကြည်ခင်၊ ဦးဖုန်းကျော်၊ ဦးညွန့်ဖေ၊ ဒေါ်ဝင်းတို့ကိုမွေးဖွားခဲ့ပါသည်။ ဦးဘိုရှိန် (ဇနီး)ဒေါ်တင်မေ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်သည့် (ဦးဝိဇ္ဇာ) ကွယ်လွန်၏ဇနီး ဒေါ်အောင်တင် ၉/မခန(နိုင်)၀၈၄၆၈၈၊ ဦးဘိုနီ ၉/မရတ(နိုင်) ၀၅၃၂၇၄၊ ဦးညွန့်ဖေ ၉/မနမ(နိုင်)၁၀၂၅၅၂၊ ဦးစောဝင်း ၅/တခန(နိုင်) ၀၂၅၀၆၅တို့မှလည်းကောင်း၊ (ဦးအေးလွင် ဇနီးဒေါ်နီ)ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်သည့် ဦးစန်းယု ၉/ကဆန(နိုင်)၀၀၈၀၄၀၊ ဦးမြင့်ကို ၉/မရတ(နိုင်)၀၅၄၁၈၆၊ ဦးခင်မောင်အေး ၉/မရတ(နိုင်)၀၅၄၁၈၇၊ ဒေါ်တင်စန်းအေး ၉/မရတ(နိုင်)၁၁၁၉၈၁၊ ဦးသိန်းဟန် ၉/မရတ(နိုင်)၁၁၂၅၈၀တို့မှ လည်းကောင်း၊ (ဒေါ်ကြည်ခင်(ခင်ပွန်း)ဦးတင်အုန်း) ကွယ်လွန်၍ သားဖြစ်သူ ဦးသာညွန့် ၉/မရတ(နိုင်)၁၂၆၈၇၃ မှလည်းကောင်း၊ (ဦးဖုန်းကျော်) ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်အေးသန်း ၉/မရတ(နိုင်)၀၅၄၄၉၉ မှလည်းကောင်း၊ (ဦးညွန့်ဖေ ဇနီး ဒေါ်ကြွေ)ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်သော ဒေါ်စန်းစန်းညွန့် ၉/မရတ(နိုင်)၁၀၁၂၉၂၊ ဒေါ်သန်းသန်းကြည် ၉/မရမ(နိုင်)၀၂၉၉၂၄၊ ဒေါ်စိုးစိုး ၉/မရမ(နိုင်)၀၅၅၆၀၉တို့နှင့် ဒေါ်ဝင်း AE-၂၄၄၁၅၃ တို့မှ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၃/၁၊ ဧရိယာ ၀ ဒသမ ၀၂၀ဧက၊ မြေကွက်တည်နေရာအိမ်အမှတ် ၁၂၅၊ အောင်မေတ္တာလမ်းသွယ် ၁လမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်တင်ပြ၍ မြေကွက်ရရှိသူ ဦးဆာနီထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသူများဖြစ်သော ဒေါ်အေးအေးခိုင်(ခ)ဒေါ်မေမျိုးခိုင်နှင့် ဦးအောင်သက်ခိုင်(ခ) ဦးအောင်ခိုင်နှစ်ဦးအနက် ၈-၃-၂၀၁၄ ရက်စွဲပါစွန့်လွှတ်ခြင်း ကတိစာချုပ်အရ မြေကွက်ရရှိသူ ဦးအောင်သက်ခိုင်(ခ) ဦးအောင်ခိုင်၉/အမဇ(ဧည့်)၀၀၀၁၄၆က အမှတ် (၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရား ဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၃/၆၊ ဧရိယာ ၀ ဒသမ ၀၁၉ဧက၊ မြေကွက်တည်နေရာအမှတ်၁၉၊ ရွာမကျောင်းလမ်း၊(၁)ရပ်ကွက်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့် မြေကွက်ရရှိသူ ခင်ပွန်း ဦးအပ်သွယ်(ခ)ဦးထွန်းခင်(ကွယ်လွန်)သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေကွက်ရရှိသူ၏ဇနီး ဒေါ်ကြည်ဝင်း ၁၂/လမန(ဧည့်)၀၀၀၅၂၈က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေး စီမံချက်အရ နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၄/၂၊ ဧရိယာ ၀ ဒသမ ၀၂၁ဧက၊ မြေကွက်တည်နေရာ အမှတ် ၃၀၊ အောင်မာဃလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အမည်ပေါက်အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့်လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့် ကွယ်လွန်သူ ဦးထွန်း၏ တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဦးထွန်း(ခ) ဦးမောင်ထွန်း သေဆုံးသည်မှာ မှန်ကန်ကြောင်း (၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်တို့တင်ပြ၍ ဒေါ်ခင်ခင်အေး(ခ)CHWA SHU KHIN ၁၂/လမန(ပြု) ၀၀၀၆၃၇က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေး ရေး စီမံချက်အရနှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက် ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၂)၊ ဦးပိုင်အမှတ် ၈၆၊ ၅၃×၅၄ကြား၊ ငကျွဲ× ခိုင်ရွှေဝါလမ်းကြားရှိ ဒေါ်ခင်သန်းဝင်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်သဇင် ၉/ခအဇ(နိုင်)၀၁၄၉၄၆မှ မြို့ကွက်သစ်ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းအဆင့်တိုးမြှင့်

သာစည် ဇူလိုင် ၆

မိတ္ထီလာခရိုင် သာစည်မြို့နယ် မကျီးရိုးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့် နွားထိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားတို့ကို ဇူလိုင် ၃ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် ကျင်းပသည်။

ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သော မကျီးရိုးကျေးရွာ မူလတန်းလွန် ကျောင်းဆောင်မှာ နိုင်ငံတော်မတည်ငွေကျပ် ၉၇ သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၂၂၃ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၂၀ ကုန်ကျကာ အလျားပေ ၇၂၊ အနံ ၂၄ပေ၊ အုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၆၈ ဦး ပညာသင်ယူလျက်ရှိသကဲ့သို့ နွားထိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင်လည်း မောင်းတိုင်၊ ညဏ်ကန်၊ နွားထိုးနှင့် အင်းကုန်းကျေးရွာတို့မှ ကျောင်းသား ကျောင်းသူ ၁၅၅ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထွန်းထွန်း(သာစည်)

ကသာ၌ အလယ်တန်းကျောင်း(ခွဲ)တိုးမြှင့်

ကသာ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်နှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိန်ထွန်း၊ ကသာခရိုင်ပညာရေးမှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်စိန်က ကျောင်းနှင့် ပတ်သက်သည်များကို ရှင်းပြခဲ့ကြောင်း သိရသည်။ ဧည့်သည်တော်များကို ကျောင်းအထိမ်းအမှတ်အလံများပေး၍ နံနက် ၁၁ နာရီခွဲတွင် အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

သာစည် မြေစိုမုန်တော အထက ကျောင်းသားများအား ထောက်ပံ့

သာစည် ဇူလိုင် ၆

မိတ္ထီလာခရိုင် သာစည်မြို့နယ် မြေစိုမုန်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် မြေစို၊ မုန်တော၊ ဥသျှစ်ကုန်း၊ မောင်းမဆည်၊ သမန်းကျား၊ ငှက်မင်းကုန်း စသည့်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်အတွက် အဝတ်အထည်များကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။ မြို့နယ်ပညာရေးမှူး အငြိမ်းစား ဦးကမားကူးမား၊ ဦးကံငြိမ်း (ကျောင်းအကျိုးဆောင်)၊ ဒေါ်ဝင်းဝင်း အထက-၁ (မိတ္ထီလာ) အငြိမ်းစားတို့က စုပေါင်းဆောင်ရွက်ရရှိသည့် အဝတ်အထည်များကို ကျောင်းသားကျောင်းသူများအား တစ်ဦးချင်းစီ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး မြေစိုမုန်တော အခြေခံပညာအထက်တန်းကျောင်းသည် ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့် ကျောင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

တိုက်အိုတိုက်ဟောင်းတစ်လုံး မိုးရာသီတွင်ပြိုကျရန် အန္တရာယ်ရှိ

ပဲခူးမြို့ ဇိုင်းဂနိုင်း မြောက်ပိုင်း ဘူတာလမ်းနှင့်(၄)လမ်းထောင့်တွင် နှစ်တစ်ရာနီးပါး သက်တမ်းရှိသည့် ပြိုကျလုဆဲဆဲ တိုက်အိုတိုက်ဟောင်းကြီးတစ်လုံး ရှိပါသည်။

ယင်းသက်တမ်းလွန် အဆောက်အအုံကြီးနှင့်ပတ်သက်၍ လွန်ခဲ့သော ၂၀၀၈ ခုနှစ်အတွင်း ပိုင်ရှင်ဖြစ်သူက အဆောက်အအုံ ပြိုကျပျက်စီးလျှင် နေထိုင်ကြသူများနှင့် ပတ်ဝန်းကျင်ရှိလူများ အန္တရာယ်ရှိစေနိုင်သောကြောင့် သက်ဆိုင်ရာသို့ ဖျက်သိမ်းခွင့်လျှောက်ခဲ့ဖူးသည်။ ထိုစဉ်က သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ယင်းအဖွဲ့က လူနေထိုင်ရန် မသင့်သော အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်သင့်ကြောင်း ကွင်းဆင်းစစ်ဆေးချက်ကို ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်၍ ယင်းအဆောက်အအုံတွင် အနီရောင်အောက်ခံဖြင့် လူနေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံဖြစ်ကြောင်း သတိပေးစာကပ်ခဲ့သည်။ ယင်းစာကပ်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီဖြစ်သော်လည်းနေထိုင်သူများက ဖာထေးကျားကန်ကြရင်း ဆက်လက်နေထိုင်ကြသည်။

လွန်ခဲ့သော ရက်အနည်းငယ်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့အနီးတွင် လှုပ်ခဲ့သော မြေငလျင်အရှိန်ရိုက်ခတ်မှုဖြင့် ပဲခူးမြို့တွင်လည်း ငလျင်အသေးစား တစ်ခု လှုပ်သွားသည်။ပဲခူးမြို့သည် မြေငလျင်ကြောပေါ်တွင် တည်ရှိသောမြို့ဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့ ငလျင်ကြောကြီးပေါ်တွင် နေထိုင်ကြရသော ပဲခူးမြို့တွင် ငလျင်ကြောက်ရပါသည်။ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းခြင်းဖြင့် ပြိုကျနိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့က အန္တရာယ်ရှိ အဆောက်အအုံဖြစ်ကြောင်း သတ်မှတ်ထားခြင်းအပေါ် အန္တရာယ်ရှိ အဆောက်အအုံဖြစ်ကြောင်း စာကပ်ရုံမျှဖြင့် မိမိတာဝန်ကျေပွန်ပြီဟု မှတ်ယူ၍မရနိုင်ပါ။တစ်နည်းအားဖြင့် အန္တရာယ်ရှိ အဆောက်အအုံဖြစ်ကြောင်းကပ်ထားသောစာကို အသက်သွင်းရန်ဖြစ်ပါသည်။

ယခုအခါ မိုးစတင်ရွာသွန်းပါပြီ။ မိုးနှင့်လေနှင့် မုတ်သုံဝင်ပါပြီ။ တိုက်အိုတိုက်ဟောင်းမှ အုတ်အင်္ဂတေတို့သည် သက်တမ်းလွန်ခဲ့ပြီဖြစ်၍ ယခုပင်လျှင် နေရာအနှံ့အပြားတွင် အက်ကြောင်းထင်ခြင်း၊ ပြုတ်ကျခြင်းများကို တွေ့မြင်နေရသည်။ မိုးဖြိုင်ဖြိုင်ကျလျှင် အုတ်အင်္ဂတေများရေနှင့်နူးပြီး အဆောက်အအုံကြီးတစ်ခုလုံး လဲပြိုကျသွားနိုင်ပါသည်။

ထိုသို့ပြိုကျခဲ့ပါလျှင် ထိုအဆောက်အအုံတွင် နေထိုင်ကြသူများ ထိခိုက်ဒဏ်ရာရနိုင်ပါသည်။ အချိန်မတော် ညအိပ်ချိန်တွင် ပြိုကျခဲ့ပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ကြီးပါသည်။ ထိုသို့ ကြေကွဲဝမ်းနည်းဖွယ်ရာအဖြစ်များ မဖြစ်ပွားစေချင်ပါကြောင်း တင်ပြလိုက်ရပါသည်။

စိန်လှိုင်ဗိုလ်

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်လုပ်မည့် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဥတ္တရသီရိခရိုင် ဦးစီးဌာနမှူးရုံးနှင့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဝန်ထမ်းအိမ်ရာများအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၇-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက် - ၇-၈-၂၀၁၆ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်
စီမံရေးရာဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့နယ်များတွင် ဆောင်ရွက်မည့် အားကစားနှင့်ကာယပညာရုံးများ၊ ပွဲကြည့်စင်များတည်ဆောက်ခြင်း၊ အားကစားကွင်း၊ အားကစားရုံများပြုပြင်တည်ဆောက်ခြင်းနှင့် အခြားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့)မှစတင်၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၆း၀၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ လေယာဉ်ကွင်းလမ်း၊ ဗျောတောဝရပ်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၄၂၊ ၀၉-၈၇၆၂၉၃၇၊
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး အားကစားခန်းမ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံနှင့်ကျောင်းများတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း ၂၄ မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်းဆောင်ရွက်၍ Open Tender ပုံစံများကို ၉-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	လုပ်ငန်းသုံးပစ္စည်း (၇၃)မျိုး	1 Lot

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၇-၈-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၄-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)နှင့် H_2O_2 သိုလှောင်ရုံ(ရန်ကုန်)ရှိ အသုံးပြုပြီး ပလတ်စတစ်ပုံးခွံအဟောင်း (1 Lot) အား ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - အသုံးပြုပြီး ပလတ်စတစ်ပုံးခွံအဟောင်း (1 Lot)
တင်ဒါပိတ်ရက်နှင့်အချိန် - ၁၇-၇-၂၀၁၄ရက်၊ ၁၆း၀၀ နာရီအထိ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း -ဖုန်း-၀၆၇-၄၀၈၁၈၃၊ ၀၆၇-၄၀၈၂၉၄
ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်) -ဖုန်း-၀၉-၅၃၆၈၃၀၁

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လောင်းရှည်ဒေသတွင် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲသူများလာ

ကလေး ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ဆော၊ ယော၊ လောင်းရှည်ဒေသတွင် ချင်းတောင်တန်းပေါ်မှ စီးဆင်းလာသော မြစ်ချောင်းများပေါ်ရာ ထိုမြစ်ချောင်းများမှ အကုန်အကျသက်သာသည့် ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲမှု များပြားသည့်အတွက် အချို့ ကျေးလက်ဒေသများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေကြကြောင်း သိရသည်။ "ကျွန်တော်တို့ဘက်မှ စီးဆင်းတဲ့ ဆောချောင်း၊ ယောချောင်း၊ မောချောင်းရှိတယ်။ ကျွန်တော်တို့ ယောနယ်မြို့ရွာတွေအားလုံး ချောင်းရိုးတစ်လျှောက်ကို အမှီပြုပြီး မြို့ရွာတည်ထားကြတာဖြစ်ပါတယ်။ အခုတော့ လျှပ်စစ်မီးလင်းရေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆောင်ရွက်ကြတယ်။ တာဘိုင်တွေနဲ့ ဆောင်ရွက်ကြတာရှိသလို ရေရဟတ်တွေနဲ့ ဆောင်ရွက်ကြတာလည်းရှိတယ်။ စုပေါင်းအားနဲ့ ဆောင်ရွက်ကြတာပါ။ ကျေးရွာအတွင်းရှိ လူတွေကလည်း တော်တော်လေးကို ညီညွတ်ပါတယ်။ လျှပ်စစ်မီးရဖို့ဆိုရင် ရေလမ်းကြောင်းတွေလွှဲယူနိုင်ဖို့ ရေကာတွေ လုပ်တဲ့အခါမှာ အိမ်က ကိုယ်တိုင်ရက်လုပ်ထားတဲ့ တင်းတိမ်စောင်အကြီးကြီးတွေကို ယူလာကြပြီး ကိုယ်တိုင်လုပ်ကြတယ်။ လျှပ်စစ်မီးတာဘိုင်တစ်ခုလုပ်ဖို့ဆိုရင် ငွေကျပ်သိန်း ၂၀၊ ၂၅သိန်း လောက်ကုန်တယ်" ဟု ဆောမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ဆော၊ ယောဒေသသည် မြန်မာနိုင်ငံအတွင်း လူသိနည်းသော တောင်သားလူမျိုးတို့နေထိုင်ရာဒေသဖြစ်ပြီး ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုနှင့် ကိုယ်ပိုင်ဘာသာစကားရှိကြောင်း၊ ကိုးကွယ်ယုံကြည်မှုအနေဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကြောင်း သိရသည်။

သျှင်နေမင်း

ယာဉ်စည်းကမ်းလိုက်နာရေး ဓာတ်ပုံများနှင့် ပညာပေးစာတန်းများစိုက်ထူ

သီပေါ ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ဗဟိုလမ်းဆုံကျသောမြို့ဖြစ်သဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ နေ့စဉ်သွားလာဖြတ်သန်း၍ စည်ကားလျက်ရှိရာ ယာဉ်အန္တရာယ်မှာလည်း မြင့်တက်လျက်ရှိသည်။

သို့ဖြစ်ရာ မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းမှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ကို ဆင်ခြင်သတိပြုစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ဇူလိုင် ၂ ရက်က မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန် ပညာပေးစာတန်းများ၊ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုမှတ်တမ်းဓာတ်ပုံများကို မြို့အဝင် သီပေါတံတားကြီးထိပ်၌ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းလှိုင်၊ ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ဝင်းဇော်လတ်အဖွဲ့နှင့် မြို့မိမြို့ဖများက စုပေါင်းစိုက်ထူထားသည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)**

စိုင်းသာလှိုင်

အဝေးပြေးယာဉ်များ စစ်ဆေး

ကျောက်မဲ ဇူလိုင် ၆

ရှမ်းပြည်နယ် ကျောက်မဲမြို့မှ အခြားဒေသများသို့ ထွက်ခွာသော ခရီးသည်တင် မှန်လုံယာဉ်များ ယာဉ်အန္တရာယ် လျော့နည်း ကျဆင်းရေးနှင့် ခရီးသွားပြည်သူများ ဘေးကင်း လုံခြုံရေးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ပူးပေါင်းအဖွဲ့သည် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မထသရုံးရှေ့တွင် ဇွန် ၁၁ ရက်မှ စတင်ပြီး အပတ်စဉ် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သိန်းသန်း(iprd)

နေ့စဉ်သတင်းစာနှင့် စာပေရေချမ်းစင်စာစောင်များလှူဒါန်း

မိတ္ထီလာ ဇူလိုင် ၆

မိတ္ထီလာမြို့နယ်အတွင်းရှိ နတ်ကြီးကုန်း၊ ရေချို၊ ဥယျာဉ်၊ ပေါက်ပင်သာ၊ ကျောင်းရာကန်၊ ရှင်မြို့၊ ချိုးစွန်း၊ သဲတောလေး စသည့် ကျေးရွာ ၁၄ ရွာနှင့် ပြည်သာယာမြောက်ပိုင်း ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် အဖြူရောင်ကွန်ရက်အဖွဲ့မှတစ်ဆင့် နေ့စဉ်သတင်းစာနှင့် စာပေရေချမ်းစင်စာစောင်များကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၄င်းဦးစီးဌာနရုံးခန်းမတွင် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ကျေးရွာများ၏ ကိုယ်စား မြို့နယ် အဖြူရောင်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမိုး၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များထံသို့ နေ့စဉ်သတင်းစာနှင့် စာပေရေချမ်းစင်စာစောင်များကို ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးမြင့်အေးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၄၃၅)

တန့်ယန်းမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဝိုင်းဝန်းဆောင်ရွက်

တန့်ယန်း ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် လိုအပ်သည့်နေရာများ၌ ရေနုတ်မြောင်းအသစ်များ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများပြားလာခြင်းကြောင့် ရေနုတ်မြောင်းများအတွင်း အမှိုက်များစုပုံကာ ပိတ်ဆို့ခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်သည့်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အမှတ်(၃)ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ရေနုတ်မြောင်းကို အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ပေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်းလှဲကုန်းကျေးရွာတွင် စုပေါင်း၍ ရေနုတ်မြောင်းတူးဖော်

ခင်ဦး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလှဲကုန်းကျေးရွာ၌ ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာပြည်သူများစုပေါင်း၍ ရွာလယ်လမ်းမကြီးနှင့် ရေဝပ်သောလမ်းသွယ်များဘေးတွင် ရေနုတ်မြောင်းကို စုပေါင်းတူးဖော်ကြကြောင်း သိရသည်။

ထိုရေနုတ်မြောင်းတူးဖော်ရခြင်းမှာ ယခင်နှစ်များက မိုးရွာပါက ရွာလယ်လမ်းမကြီးနှင့် အခြားလမ်းသွယ်များတွင် ရေနုတ်မြောင်းမရှိ၍ ရေဝပ်ပြီး ဗွက်ထသဖြင့် သွားလာရခက်ခဲ့သည်။ ယခုလို တူးဖော်လိုက်တဲ့အတွက် လမ်းမှာမြင့်တက်လာပြီး ရေစီးရေလာကောင်းမွန်လာသဖြင့် ကျန်းမာရေးအတွက်ပါ ကာကွယ်ပြီးသားဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ခင်ဦး-စိုးဝေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လျှပ်စစ်ရရှိရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ် တောင်ကြီးတွင် အောက်ဖော်ပြပါ လျှပ်စစ်ရရှိရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ			
၁။	ရှမ်းပြည်နယ်	ဆေးတက္ကသိုလ်၊ တောင်ကြီး	ထရန်စဖော်မာ(၂)လုံးတည်ဆောက်ခြင်းလုပ်ငန်းနှင့် တက္ကသိုလ်ဝင်းအတွင်း လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ရုံးအမှတ် ၄၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်
၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါတစ်စောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ၆၅လမ်း၊ ၂၂×၂၃ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၉-၇-၂၀၁၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၃-၇-၂၀၁၄ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ၆၅လမ်း၊ ၂၂×၂၃ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
၆၅လမ်း၊ ၂၂×၂၃ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၂-၆၁၁၅၃၊ ၀၂-၆၁၄၉၅၊ ၀၂-၃၅၉၁၆
တင်ဒါကြီးကြပ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အောက်ပါဆောက်လုပ်ရေးနှင့်ပစ္စည်းဝယ်ယူရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-
(က) ဆောက်လုပ်ရေးလုပ်ငန်း
(၁) ရုံးဆောက်လုပ်ခြင်း ၁ လုံး
(၂) ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ် ၁ လုံး
(၃) ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ နှစ်ထပ် ၁ လုံး
(၄) ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် ၁ လုံး
(၅) ဝန်ထမ်းအိမ်ရာလုံးချင်း ၁ လုံး
(ခ) ရုံးသုံးစက်ကိရိယာ
Air Con 2HP တစ်လုံး/မီးအားမြှင့်စက်၊ Computer နှင့်အခြားပစ္စည်းများ။
(ဂ) ရုံးသုံးပရိဘောဂ
Sofa Setting တစ်စုံ/ ကုလားထိုင်နှင့် ဖိုင်တင်စင်။
(ဃ) မော်တော်ယာဉ်
Toyota FIELDER (2009) (X-G Edition) (သို့) S-Grade တစ်စီး
၂။ အိတ်ဖွင့်တင်ဒါများပုံစံနှင့် စည်းကမ်းများကို ၁၄-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၈-၂၀၁၄ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဖုန်း-၀၆၃-၂၇၄၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မကွေးတိုင်းဒေသကြီး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဖခင်အမည်မှန်
အမှတ် (၇)အခြေခံပညာအထက်တန်းကျောင်းမှ န၀မတန်းတွင် ပညာသင်ကြားနေသော မထက်နဒီမောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်လတ်ဖြစ်ပါသည်။
ဦးကျော်နိုင်လတ်
လားရှိုးမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း
လားရှိုးမြို့နယ်၊နမ့်ပေါင်ကျေးရွာ၊ ရပ်ကွက်(၁)နေ ဦးအိုက်ရီ ၁၃/လရန(နိုင်)၁၀၁၀၃၁၏ သမီး မအေးထွေးနှင့် နန်းအေးထွေး ၁၃/လရန(နိုင်)၁၄၉၈၇၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မလှိုင်မြို့နယ်၊ မိသားစုကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်း န၀မတန်း(အေ)မှ မမေသဇင်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ကျော်အေးဖြစ်ပါသည်။ **ဦးကျော်ကျော်အေး ၉/မခန(နိုင်)၁၄၃၃၂၀**

အမည်ပြောင်း
ဦးအုံ့မောင်၏သမီး မိုင်းလားမြို့၊ အထက၊ ဒုတိယတန်း(A)မှ မအေးသက်ငြိမ်းမောင်အား မဖူးသစ်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။
မဖူးသစ်ဦး

အမည်မှန်
ဦးကျစိုး(ခ) ဦးအဲနူး၏သမီး၊ တက္ကသိုလ်ဝင်တန်းအောင်မှ မဆီမွေး ၁၃/မပတ(နိုင်) ၀၃၇၃၅၀၏ အမည်မှန်မှာ မရှင်မွေးဖြစ်ပါကြောင်း။
မရှင်မွေး

ပြင်ဦးလွင်လေ့ကျင့်ရေးစခန်း၌ အားကစားနည်း ၂၁ မျိုးခန့် လက်ရွေးစင်များကို လေ့ကျင့်ပေးမည်

ပြင်ဦးလွင် ဇူလိုင် ၆

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံတော်အတွက် ထိုက်တန်သော ရွှေတံဆိပ်များ ပိုမိုရရှိလာစေရန်နှင့် လက်ရွေးစင် အားကစားသမားများအတွက် သင့်တင့်မျှတသော ရာသီဥတု၊ အစားအသောက်နှင့်နေရာဒေသ အပြောင်းအလဲများဖြစ်ပေါ်စေရန် ရည်ရွယ်ကာ အားကစားလေ့ကျင့်ရေး စခန်းဖွင့်ပွဲကို ပြင်ဦးလွင်ခရိုင် အားကစားကွင်း၌ ဇူလိုင် ၄ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်မြင့်မော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တာဝန်ရှိသူများက ပြင်ဦးလွင်သောက်ဆောင်များနှင့် အိပ်ဆောင်များကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

ခရိုင် ပြည်သူ့အားကစားကွင်းအတွင်းရှိ မူလအားကစားခန်းမကို ပြုပြင်မွမ်းမံခြင်း၊ အားကစားခန်းမသစ်ဆောက်လုပ်ခြင်း၊ အားကစားနည်းတစ်မျိုးချင်းအလိုက် လေ့ကျင့်ရန်အတွက် လေ့ကျင့်ရေးကွင်းများ၊ အားကစားမောင်မယ်များ အတွက် အိပ်ဆောင်များ ပြုပြင်မွမ်းမံခြင်း၊ စားရိပ်သာဆောင်များ၊ စားဖိုဆောင်နှင့် အားကစားကွင်း ပြေးလမ်းများ၊ ကွင်းပတ်လည် ကွန်ကရစ်ခင်းခြင်းနှင့် ရေကူးကန်အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ထားရှိကြောင်း သိရသည်။

ပြင်ဦးလွင် အားကစားလေ့ကျင့်ရေးစခန်း၌ ရေကူး၊ စားပွဲတင် တင်းနစ်၊ ဝူရှူး၊ ကျွမ်းဘား၊ ဂေါက်သီးရိုက်၊ ဘောလုံး၊ ကြက်တောင်၊ စက်ဘီး၊ တင်းနစ်၊ အလေးမ၊ ပန်ကြပ်ဆီလပ်၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကရာတေးဒို၊ လက်ဝှေ့နှင့်

> **လက်ရွေးစင် အားကစားသမားများအတွက် သင့်တင့်မျှတသော ရာသီဥတု၊ အစားအသောက် . . .**

အားကစားလေ့ကျင့်ရေးစခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အားကစားရုံအတွင်း တည်ဆောက်ထားရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လေ့ကျင့်ရေးစခန်း တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားလေ့ကျင့်ရေးစခန်းအတွင်း ပိုက်ကျော်ခြင်း လေ့ကျင့်နေမှုများ၊ ကွင်းအတွင်း ဆောက်လုပ်ထားသည့် အားကစားလေ့ကျင့်ရေးကွင်းများ အခြေအနေ၊ စားကွင်းပတ်လည် Squash ကစားနည်းများကို လေ့ကျင့်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လာမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းသို့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် လက်ရွေးစင်အားကစားသမားများအတွက် ရာသီဥတုမျှတကောင်းမွန်စွာဖြင့် လေ့ကျင့်မှုနေရာအပြောင်းအလဲအသစ်တွင် လေ့ကျင့်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သဖြင့် အားကစားသမားများအနေဖြင့် အဆင်ပြေစေနိုင်တော့မည် ဖြစ်ကြောင်း အဆိုပါစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (၄၃၂)

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆောင်ရွက်မှုများ ကျိုင်းတုံတွင်ရှင်းလင်း

ကျိုင်းတုံ ဇူလိုင် ၆

နိုင်ငံတော် ပြုပြင်ပြောင်းလဲခြင်း တတိယအဆင့် အရှိန်မြှင့်တင်မှုဆိုင်ရာ လုပ်ငန်းစဉ် ထပ်ဆင့်ရှင်းလင်းပွဲကို ကျိုင်းတုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး၌ ဇူလိုင် ၄ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က ပြန်/ဆက် ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ အသိအမြင်များ ထားရှိကြရန်နှင့် တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် အောင်မြင်သည့် ရလဒ်နှင့် အကျိုးကျေးဇူးများ ရရှိထွက်ပေါ်လာစေရေးကို ထပ်ဆင့်ဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆိုင်းဆမ်တစ်၊ တွဲဖက်ပြည်နယ်(ကျိုင်းတုံ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ခရိုင်ငါးခုမှ ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ၊ ကျိုင်းတုံကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံအရာရှိ ဦးစစ်နောင်၊ မော်ကွန်းရုပ်ရှင်မှ ကြီးကြပ်ရေးမှူး ဦးစောနိုင်၊ ဇုန်နယ်မြေမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

တောင်သာ၌ တံတားအသစ်များကြောင့်ဒေသစည်ပင်စေမည်

တောင်သာ ဇူလိုင် ၆

ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရန်ကုန်-မကွေး-မန္တလေးလမ်းပေါ်ရှိ ကိုင်းချောင်း၊ ဆီမီးကန်ချောင်း၊ ချောင်းမချောင်းများကို ဖြတ်သန်းဆောက်လုပ်မည့် သံကူကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်း အမျိုးအစားတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသည်။

ကိုင်းချောင်းတံတားကို၂၀၁၃ ဒီဇင်ဘာ ၁၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည် ပေ ၄၂၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၂ ပေ ၆ လက်မ၊ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၈၀ သုံးခန်း၊ ၉၀ ပေနှစ်ခန်း၊ ခံနိုင်ဝန် ၇၅တန်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း ဆောက်လုပ်ရေး အငယ်တန်းအင်ဂျင်နီယာ ဦးတင်ဝင်းရွှေက ပြောသည်။

ဆီမီးကန်ချောင်းနှင့် ချောင်းမချောင်းတံတားများကို ယခုနှစ်မေ ၁၅ ရက်မှစတင် ဆောက်လုပ်လျက်ရှိပြီး ဆီမီးကန်တံတားသည် အရှည် ပေ ၃၀၀၊ အကျယ်၂၄ ပေ၊ လူသွားလမ်းတစ်ဖက် ၂ ပေ ၆ လက်မ၊ ၆၀ ပေ ငါးခန်း၊ ခံနိုင်ဝန် တန် ၆၀ ဖြစ်ပြီး ချောင်းမချောင်းတံတားသည် အရှည် ၃၁၅ ပေ၊ အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၂ ပေ ၆ လက်မ၊ ခံနိုင်ဝန် တန် ၆၀ ဖြစ်ကြောင်း သိရသည်။

"မိုးသည်းပြီး ရေကျလာပြီဆိုရင် ဆည်က ရေပိုလွှဲလွှတ်တတ်ပြီး ချောင်းရေက ရက်သတ္တတစ်ပတ်လောက် များနေတတ်တယ်။ မနှစ်က ရွှေမန်းသူ အဝေးပြေးကား ရေကျချိန်နဲ့တိုးခဲ့လို့ ငွေကျပ်ရှစ်သိန်းလောက် အကုန်အကျခံ တွန်းတင်ကြရတယ်၊ သုံးဘီး ဆိုင်ကယ်အစီး လေး ငါးဆယ်လောက်က ဒီချောင်းတွေကို နေ့စဉ်ဖြတ်သန်းသွားလာနေကြရတယ်"ဟု ဆီမီးကန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းက ပြောကြားသည်။

"ကျောက်ပန်းတောင်း-မြင်းခြံ လိုက်ထရပ်ကားလေးတွေ နေ့စဉ်ခြောက်စီးခန့် အသွားအပြန်ရှိပါတယ်၊ ပုပ္ပား-မြင်းခြံ-မန္တလေး အဝေးပြေးကားတွေ၊ ဘုရားဖူးကားတွေ အများဆုံးဖြတ်သန်းတဲ့လမ်း ဖြစ်ပါတယ်။ မိုးများတဲ့ အချိန်မှာဆို ညောင်ဦးဘက်က လှည့်ပြီးထွက်ရတဲ့ရက်တွေ ရှိပါတယ်။ ချောင်းထဲမှာကား ရေနစ်ရင် အလုပ်သမားခ ငွေကျပ်လေးသောင်း၊ ငါးသောင်း အထိပေးကြရတယ်။သာမန် တွန်းပေးရင် ငွေကျပ်ငါးထောင်ကနေ ငွေကျပ်တစ်သောင်းပေးရတယ်"ဟု မြင်းခြံဂိတ်မှူးက ပြောပြသည်။

တံတားများ ပြီးစီးသွားပါက ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ဘုရားဖူးယဉ်များနှင့် ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ သိစေသည့်

အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
လားရှိုးခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅

ဦးနိုင်နိုင်စိုး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းစံနွမ်း) နှင့်
၁။ ဦးတင်ထွန်းအောင်
၂။ ဒေါ်ထုလွမ် အိမ်အမှတ်(၃၀)၊ မန်ပိုင်ကွက်၊ နယ်မြေ(၄)၊ ရပ်ကွက်(၅)၊လားရှိုးမြို့။
၃။ ဦးမျိုးအောင်
၄။ ဒေါ်သီရိမွန် ဦးပိုင်အမှတ် ၁၂၄၅၊ နမ့်ခိုက်တိုးချဲ့ကွက်သစ်၊ နယ်မြေ(၉)၊ရပ်ကွက်(၁)၊ လားရှိုး။

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

လားရှိုးမြို့နယ်တရားရုံး၏ ၁၁-၆-၂၀၁၄ ရက်နေ့က ချမှတ်သည့်ကြားဖြတ်အမိန့်အပေါ် ပြင်ဆင်ရန် လျှောက်ထားမှု

အထက်လိပ်စာပါ နေရပ်လိပ်စာစုံစမ်းသိရှိခြင်းမရှိသည့် (၁)လျှောက်ထားခံရသူ ဦးတင်ထွန်းအောင်၊ ၃။လျှောက်ထားခံရသူ ဦးမျိုးအောင်၊ (၄)လျှောက်ထားခံရသူ ဒေါ်သီရိမွန်တို့ သိစေရမည်။

